မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၃၂၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဥ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကူဝိတ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ်ရုံးမှ အကြံပေးပုဂ္ဂိုလ် H.E. Dr. Ismail Khedr Al-Shatti ဦးဆောင်သော ကူဝိတ်နိုင်ငံကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ကူဝိတ်နိုင်ငံဝန်ကြီးချုပ်ရုံးမှ အကြံပေးပုဂ္ဂိုလ် H.E. Dr. Ismail Khedr Al-Shatti နှင့်အတူ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကူဝိတ်နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Nayef Y.J Aladres နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဥ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ်ရုံးမှ အကြံပေးပုဂ္ဂိုလ် H.E. Dr. Ismail Khedr Al-Shatti ဦးဆောင်သော ကူဝိတ်နိုင်ငံကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဥ်။ (သတင်းစဥ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဥ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒေသခံပြည်သူများနှင့် စက်မှုလုပ်ငန်းများအား လျှပ်စစ်ဓာတ်အားဖြင့် ဝန်ဆောင်မှုပေးနေသော ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ခရမ်းစိုးမြင့်

ရန်ကုန် ဩဂုတ် ၂၆

လွန်ခဲ့သော မေ ၂ ရက်နှင့် ၃ ရက်က တိုက်ခတ်ခဲ့သော လေဘေးဒဏ်ကြောင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် လျှပ်စစ်ဓာတ်အား ကွန်ရက်စနစ်မှ ကောင်းကင်ဓာတ်အားလိုင်းအများအပြား ပျက်စီးခဲ့ရသည်။ ရန်ကုန်တွင် လျှပ်စစ်မီး တော်တော်နှင့် ပြန်ရတော့မည်မဟုတ်ဟုပင် ထင်ခဲ့ကြသည်။ သို့သော် လျှပ်စစ်လုပ်သားတို့၏ စွမ်းပကားကြောင့် မုန်တိုင်းတိုက်ခတ်ပြီး ညပိုင်းမှာပင် ရန်ကုန်မြို့၏ အဓိကကျသည့် တပ်မတော်ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီး၊ ဆေးသုတေသနဦးစီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့တွင် လျှပ်စစ်မီးများ ပြန်လည်ရရှိခဲ့ပြီး နောက်တစ်နေ့ မေ ၄ ရက် ညဥ့်ပင် ရန်ကုန်ဆေးရုံကြီး၊ မြို့တော်ခန်းမ၊ ရွှေတိဂုံစေတီတော်နှင့် လူနေရပ်ကွက်များ ဖြစ်သည့် ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ ဗဟန်း၊ မရမ်းကုန်းမြို့နယ်တို့တွင် မီးများပြန်လည်ပေးနိုင်ခဲ့သည်။ ထို့နောက် လေဘေးကျရောက်ပြီး တစ်လခန့်အကြာ၌ပင် ရန်ကုန်တိုင်းတစ်တိုင်းလုံးရှိ လေဘေးသင့်နေရာအားလုံး ရာနှုန်းပြည့် မီးများ ပြန်ပေးနိုင်ခဲ့သည်ကို တွေ့ရသည်။

စွမ်းပကား

ထိုသို့ စွမ်းဆောင်နိုင်ခဲ့သည့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအပေါ် တာဝန်ရှိသူ အဆင့်ဆင့်မှ နေ့မအား၊ ညမနား ဆောင်ရွက်မှု စွမ်းပကားမှာ အံ့မခန်းပင်ဖြစ်သည်။ *စာမျက်နှာ ၆ ကော်လံ ၁* ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဩဂုတ် ၂၇ ရက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဝိုင်းဝန်းထိန်းသိမ်းမြှင့်တင်

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအတွက် ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက အသိပညာပေးပြပွဲ၊ ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိခဲ့သည်။

ယင်းသို့ ပြပွဲ၊ ပြိုင်ပွဲများကျင်းပရခြင်းမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး ဦးတည်ရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဦးတည်ရန်၊ ယာဉ်စည်းကမ်းကို ယာဉ်မောင်းများအပြင် ခြေကျင်သွားသူများပါ လိုက်နာစေရေး ဦးတည်ရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဦးတည်ရန် ရည်ရွယ်သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းနေ၍ ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိနေခြင်းဖြစ်ပြီး ယာဉ်များ တစ်စီးနှင့်တစ်စီး အပြိုင်မောင်းနှင်ခြင်း၊ ယာဉ်ကြောလမ်း မှားယွင်းစွာ မောင်းနှင်ခြင်း၊ ယာဉ်လမ်းကြောင်း ပိတ်ဆို့ရပ်တန့်ထားခြင်းကို သတိပြု ရှောင်ကြဉ်သွားကြရမည်ဖြစ်သည်။

ယာဉ်အန္တရာယ် မဖြစ်ပေါ်ရေးအတွက် မြို့တွင်း မြို့ပြင်သွား ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များနှင့် ကိုယ်ပိုင်ယာဉ်များ သတ်မှတ်မီးကြိုး၊ အချက်ပြမီးများ၊ ရောင်ပြန်ပြားများ ပြည့်စုံစွာ တပ်ဆင်ထားကြရန် လိုအပ်သည်။

ခြေကျင်လျှောက်သူများသည် သတ်မှတ်လူကူးမျဉ်းကျားမှ မကူးခြင်း၊ လူသွားစင်္ကြံမှ မလျှောက်ခြင်း၊ လမ်းပေါ်ဆင်းလျှောက်ခြင်းတို့သည် မလိုလားအပ်သော ယာဉ်အန္တရာယ်နှင့် ကြုံတွေ့နိုင်သည်။

ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေးနှင့် လျော့နည်းကျဆင်းရေးတို့အတွက် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအနေဖြင့် နည်းလမ်းများ ချမှတ်ဆောင်ရွက်လျက် ရှိသည်။

အဓိကကျသည့် အသိပညာပေးပိုင်းကို ဆောင်ရွက်ရာ၌ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရန် သင်တန်းများပို့ချခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ ပြပွဲ၊ ပြိုင်ပွဲများကျင်းပ၍ ဆုချီးမြှင့်ပွဲများ ပြုလုပ်ပေးခြင်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မြှင့်တင်ဆောင်ရွက်ရာတွင် ယာဉ်အန္တရာယ်ကြောင့် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှု မဖြစ်စေရေးအတွက် ပြည်သူများကပါ အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်း ပါဝင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေးလုပ်ငန်းဆောင်ရွက်ရန် ပေါ်ပေါက်လာ ယုံကြည်ချက် စိတ်ဓာတ်ကောင်းများဖြင့် ဆက်လက်ပါဝင်

နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဩဂုတ် ၂၃ ရက်က မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မန္တလေးတိုင်းနှင့် မန္တလေး၊ ကျောက်ဆည်၊ မြင်းခြံ၊ မိတ္ထီလာ၊ ညောင်ဦး၊ ပြင်ဦးလွင်နှင့် ရမည်းသင်းခရိုင်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအားတွေ့ဆုံ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ပြည်သူများအတွက် အမျိုးသားရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပေါ်ပေါက်လာသော အသင်းကြီးဖြစ်ကြောင်း၊ အသင်းဝင်များက ယုံကြည်ချက်၊ ခံယူချက်၊ စိတ်ဓာတ်ကောင်းများဖြင့် ဆက်လက်ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း ဖြင့် အကျယ်တဝင့် မှာကြားသည်။

(သတင်းစဉ်)



ရည်မှန်းချက်တာဝန်များ အောင်မြင်တိုးတက်စေရေး ပေါင်းစပ်ညှိနှိုင်းစွမ်းရည်မြှင့်တင် ဆောင်ရွက်သွားကြ

ခရိုင်အုပ်ချုပ်ရေးမှူးနှင့် လျှပ်စစ်အင်ဂျင်နီယာများအား လျှပ်စစ်(၂)ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တွေ့ဆုံမှာကြား

ရန်ကုန် ဩဂုတ် ၂၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ယမန်နေ့က ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ခန်းမ၌ ရန်ကုန်မြို့တော်အတွင်း လျှပ်စစ်ဓာတ်အား (ယူနစ်) ပျောက်ဆုံးမှုလျော့ပါးစေရေး၊ မီတာသုံးစွဲခယူနစ်ငွေတိုးပွားစေရေးနှင့် လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲသူ မသမာမှုများ ပပျောက်စေရေးအတွက် ပြည်နယ်နှင့်တိုင်းများမှ လာရောက်ကူညီ ဆောင်ရွက်ပေးလျက်ရှိသည့် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ လျှပ်စစ်အင်ဂျင်နီယာများနှင့်တွေ့ဆုံ၍ ဝန်ထမ်းရေးရာဆိုင်ရာများနှင့် စပ်လျဉ်း၍ တင်ပြမှုအပေါ် ရည်မှန်းချက်လုပ်ငန်းတာဝန်များ အောင်မြင်တိုးတက်စေရေးအတွက် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းပြီး စွမ်းရည်မြှင့်တင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အတွေ့အကြုံနှင့် နည်းပညာများပေါင်းစပ်၍ ခရိုင်နှင့် မြို့နယ်များအလိုက် ဘဏ္ဍာငွေလျာထား သတ်မှတ်ချက်ပြည့်မီစေရေးအတွက်တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အလုံ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့သွားရောက်ပြီး စက်ရုံထိန်းချုပ်ခန်း၌ ရေနွေးငွေ့ဘွိုင်လာနှင့် တာဘိုင်စက်များကို ထိန်းချုပ်မောင်းနှင်သည့် Computer Control System များနှင့် Control Panel Box များကို ကြည့်ရှု စစ်ဆေးသည်။

မှာကြား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအစည်းအဝေးခန်းမ၌ အလုံ၊လှော်ကား၊ ရွာမနှင့် သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတို့မှ စက်ရုံမှူးများ၏ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက စက်ရုံအလိုက် ဝန်ထမ်းအင်အား ပြည့်မီစေရေးနှင့် ရည်မှန်းချက်လုပ်ငန်းတာဝန်များ အောင်မြင်တိုးတက်စေရေးအတွက် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် ဓာတ်အားခွဲရုံသို့သွားရောက်ပြီး တပ်ဆင်ထားသောထရန်စဖော်မာများနှင့် ဓာတ်အားအဝင် အထွက် ဖြန့်ဖြူးမှုအခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။(အပေါ်ဝဲပုံ)

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၇-၈-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၀၀	၆။	အမျိုးသားရေးတေးကဗျာ
၅:၂၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၃၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၄၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၄။	ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း-၂၄)
၆:၄၅	၁၅။	လျှပ်တစ်ပြက်
၇:၀၀	၁၆။	မြန်မာဗီဒီယိုဇာတ်လမ်းတွဲ **အိပ်မက်ဆိုးမှမနိုးခင်** (အပိုင်း-၁)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဖြေလိုက်ပါ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း -၄၅) ဇာတ်သိမ်းပိုင်း

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၈-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**စိတ်ကောင်းချမ်းသာ** တရားတော် (အတွင်းတောင်ကိုးလုံးဆရာတော် ဘဒ္ဒန္တဇာဂရ)
၇:၅၀-၁:၅၀	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈:၂၀-၂:၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၄၅-၂:၄၅	Activities In The City (အမြင်သစ်စာပေ၏ စတုတ္ထအကြိမ်မြောက် အထူးရှားပါးစာအုပ်များ ပြပွဲ၊ ရောင်းပွဲ)
၉:၀၀-၃:၀၀	ပြည်တွင်းသတင်းအကျဉ်း
၉:၁၀-၃:၁၀	တေးဂီတအစီအစဉ်
၉:၁၅-၃:၁၅	စိတ်၏ငြိမ်းအေးရာနေရာ
၉:၄၀-၃:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅-၃:၄၅	မှတ်သားလေ့လာ ပြတိုက်ခင်းကျင်းမှုပညာ
၉:၅၅-၃:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀-၄:၀၀	မိုးလေဝသခန့်မှန်းချက်
၁၀:၀၅-၄:၀၅	Diploma Guide(Travel Tourism & Hospitality Diploma အကြောင်း သိကောင်းစရာ)
၁၀:၄၅-၄:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀-၄:၅၀	သီးနှံစိုက်ပျိုးအထွက်တိုး ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာသုံးစွဲနည်း
၁၀:၅၅-၄:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅-၅:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀-၅:၁၀	ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားနို့ထုတ်လုပ်ခြင်း)
၁၁:၃၀-၅:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၅-၅:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀-၅:၄၀	လှပချစ်စရာအိမ်တွင်းမှုပညာ
၁၂:၀၀-၆:၀၀	တေးဂီတအစီအစဉ်
၁၂:၀၅-၆:၀၅	ခါးနာရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၂) (ပါမောက္ခ ဒေါက်တာနေဝင်း)
၁၂:၄၅-၆:၄၅	Myanmar Video Rhythm
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

ဩဂုတ်၂၆ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ်ရုံးမှ အကြံပေးပုဂ္ဂိုလ် H.E. Dr. Ismail Khedr Al-Shatti အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)

အမြတ်တရား လေးပါး

ကျန်းမာခြင်းသည် မြတ်သောလာဘ်ကြီးဖြစ်သည်။
ရောင့်ရဲခြင်းသည် မြတ်သော ကိုယ်ပိုင်ဥစ္စာဖြစ်သည်။
ချစ်ကျွမ်းဝင်သူသည် မြတ်သောဆွေမျိုးဖြစ်သည်။
နိဗ္ဗာန်သည် မြတ်သောချမ်းသာဖြစ်သည်။
(ဓမ္မပဒ - ၂၀၄)

စိုက်ပါ၊ စားပါ အရသာ မတူမြတ်ပီတိ

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း သစ်သီးအလှပုံဖော်ခြင်း သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ သစ်သီးအလှပုံဖော်ခြင်း (Fruit Curving) သင်တန်းကို ဩဂုတ် ၂၇ရက်မှ စက်တင်ဘာ ၆ရက်အထိ နေ့စဉ် မွန်းလွဲ ၁နာရီမှ ညနေ၃နာရီအတွင်း၌ လည်းကောင်း၊ ပန်းဥယျာဉ်တည်ဆောက်ခြင်းနှင့် မြေယာရှုခင်းပြုပြင်မှု (Gardening & Landscapping) သင်တန်းကို စက်တင်ဘာ ၈ရက်မှ ၂၆ရက်အထိ နံနက် ၉နာရီမှ ညနေ ၄နာရီအတွင်း၌လည်းကောင်း၊ သင်တန်းသား သင်တန်းသူ ၅၀စီဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် သစ်သီးအလှပုံဖော်ခြင်းသင်တန်းတွင် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် ကျပ် ၇၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ် ၈၀၀၀၊ ပန်းဥယျာဉ်တည်ဆောက်ခြင်းနှင့် မြေယာရှုခင်းပြုပြင်မှုသင်တန်းတွင် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် ကျပ်၁၅၀၀၀၊ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ် ၁၇၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် အသင်းရုံး ဖုန်း-၃၇၉၃၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ဆူဒန်၌ ခရီးသည်တင်လေယာဉ် အပိုင်စီးခံရမှု ဖြစ်ပွား

ခါတွန် ဩဂုတ် ၂၆

ဆူဒန်နိုင်ငံ ဒါဖာဒေသရှိ ယာလာမြို့လေဆိပ်မှ ခရီးသည် ၈၇ဦးကို တင်ဆောင်ပျံသန်းလာသော ခရီးသည်တင် လေယာဉ်အား အကြမ်းဖက်သမားများက ဩဂုတ် ၂၆ရက်၌ အပိုင်စီးသွားခဲ့ကြောင်း ဆူဒန်အရာရှိများက ပြောကြားသည်။

<u>လစ်ဗျားနိုင်ငံသို့</u>

အဆိုပါ ခရီးသည်တင်လေယာဉ်သည် ဆူဒန်နိုင်ငံ ခါတွန်မြို့သို့ ဦးတည်ပျံသန်းလာစဉ် လေယာဉ်အပိုင်စီးသူများက လစ်ဗျားနိုင်ငံသို့ ပျံသန်းစေကာ အပိုင်စီးသွားခဲ့ခြင်းဖြစ်ကြောင်း ဆူဒန်နိုင်ငံ ဆန်းအဲကုမ္ပဏီမှ အရာရှိများက ပြောကြားသည်။

ဖိလစ်ပိုင် စစ်ဘက်လေယာဉ်ပျက်ကျ လေယာဉ်ပေါ်လိုက်ပါလာသူ ကိုးဦးစလုံးသေဆုံး

မနီလာ ဩဂုတ် ၂၆

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဒါဗာရိုလေဆိပ်မှနေ၍ ဩဂုတ် ၂၆ရက်က ပျံသန်းသွားသော ဖိလစ်ပိုင်စစ်ဘက်လေယာဉ် စီ-၁၃၀ ဟာကျူလီအမျိုးအစား လေယာဉ်မှာ ပျက်ကျ**(အောက်ပုံ)**သွားခဲ့ကြောင်း ဖိလစ်ပိုင်လေတပ်က သတင်းထုတ်ပြန်သည်။

<u>**ကိုးဦးသေဆုံး**</u>

အဆိုပါ လေယာဉ်သည် လေဆိပ်မှ ပျံတက်ပြီးနောက် ၁၀မိနစ်ခန့် အကြာတွင် အဆက်အသွယ်ပြတ်တောက်သွားကြောင်း၊ ထို့နောက် ဖိလစ်ပိုင်နိုင်ငံ ဒါဗာရိုမြို့ ကမ်းလွန်၌ ပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်ပေါ်၌ လိုက်ပါလာသူ ကိုးဦးစလုံးသေဆုံးခဲ့ကြောင်း သိရသည်။

လှိုင်သာယာစက်မှုဇုန်ရှိ သစ်အခြေခံစက်ရုံများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် လှိုင်သာယာစက်မှုဇုန် အမှတ်(၄)ရှိ Asia Wood Co., Ltd. သစ်အခြေခံစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း ပရိဘောဂပစ္စည်းများ၊ ကြမ်းခင်းပြားများ ထုတ်လုပ်နေမှုများ၊ ပြည်ပတင်ပို့ရန် ထုပ်ပိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ဝန်ကြီးသည် လှိုင်သာယာစက်မှုဇုန် အမှတ်(၅)ရှိ United Wood Industries Co., Ltd. သစ်အခြေခံစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း ကျွန်းနှင့် အောက်ချင်းဇာနီသစ်မျိုးများကိုအသုံးပြု၍ ဥယျာဉ်သုံးပရိဘောဂများ၊ ရေချိုးခန်းသုံး ပစ္စည်းများ ထုတ်လုပ်နေမှု၊ ပြည်ပသို့တင်ပို့ရန် ထုပ်ပိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာကေတကမ်းလွန်အခြေစိုက်စခန်း စွမ်းအင်ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၆

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဩဂုတ်၂၄ရက်က မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သာကေတကမ်းလွန်အခြေစိုက်စခန်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရောက်ရှိလာသော ရေနံရှာဖွေရေးလုပ်ငန်းသုံး ဆိုက်စမစ်တိုင်းတာရေးယန္တရားများနှင့် ရေနံတွင်းပြင်ဆင်ရေးလုပ်ငန်းသုံး ယန္တရားများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီးသည် ပဲခူးမြစ်အတွင်း ရေယာဉ်များ ဆယ်ယူနေမှုနှင့် အလုပ်ရုံတွင် ယန္တရားများ ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သာကေတမြို့နယ်ရှိ သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အမှတ် (၀၂၂) (သာကေတ-၂)၌ မော်တော်ယာဉ်များ သဘာဝဓာတ်ငွေ့ဖြည့်တင်းနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

သံလွင်မြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၂၆

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၈၂၅စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၇၅စင်တီမီတာ (၂ဒသမ ၅ပေ)ခန့် ကျော်လွန်နေကာ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

အင်အားအသင့်အတင့် ငလျင်လှုပ်

နေပြည်တော် ဩဂုတ် ၂၆

ဩဂုတ်၂၆ရက် မြန်မာစံတော်ချိန် ၉နာရီ မိနစ်၄၀ ၃၂စက္ကန့်အချိန်တွင် ထားဝယ်မြေငလျင်စခန်း၏ တောင်ဘက် မိုင် ၁၄၅၀ခန့် ကွာဝေးသော နေရာ မြန်မာနိုင်ငံပြင်ပ(အင်ဒိုနီးရှားနိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၈အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ၂၆-၈-၂၀၀၈

အာရှဒေသစီးပွားရေး သတင်းပဒေသာ

တရုတ်နှင့်တောင်ကိုရီးယား စီးပွားရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်မည်

ဆိုးလ် ဩဂုတ် ၂၆

တရုတ်နှင့်ကိုရီးယားသမ္မတနှစ်နိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အာရှနိုင်ငံများ၏ကဏ္ဍစုံ၌ တိုးမြှင့်ဆောင်ရွက်ရေးအတွက် တရုတ်သမ္မတဟူကျင်တောင်နှင့် တောင်ကိုရီးယားနိုင်ငံသမ္မတ အီမြောင်ဘက်တို့သည် ဆိုးလ်မြို့၌ ဩဂုတ်၂၅ရက်က တွေ့ဆုံဆွေးနွေးခဲ့ပြီး နယ်ပယ်ကဏ္ဍအသီးသီး၌ အဆင့်မြှင့်တင်ရေးကိုလည်း သဘောတူခဲ့သည်။ (အပေါ်ပုံ)

ပြည်ပမှကျောက်မီးသွေး အိန္ဒိယတင်သွင်းမည်

မွန်ဘိုင်း ဩဂုတ် ၂၆

အိန္ဒိယနိုင်ငံ၏ အကြီးဆုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် ပီတီစီ အိန္ဒိယကုမ္ပဏီအနေဖြင့် ပြည်တွင်းလျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ပြည်ပမှ ကျောက်မီးသွေးများ တင်သွင်းရန် စီစဉ်လျက်ရှိသည်။ အင်ဒိုနီးရှားသတ္တုလုပ်ငန်းများ၌ ပီတီစီအနေဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည်ဖြစ်ကာ ၂၀၀၉ ခုနှစ်ကုန်၌ ကျောက်မီးသွေး ကုဗတန်ချိန် ၁ ဒသမ ၅သန်းကို အိန္ဒိယသို့ တင်သွင်းမည်ဖြစ်သည်။

ထိုင်းစီးပွားရေးဖွံ့ဖြိုးမှု အနည်းငယ်နှေးကွေး

ဗန်ကောက် ဩဂုတ် ၂၆

ယခုနှစ် ဒုတိယလေးလတာကာလအတွင်း ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ နိုင်ငံရေးတည်ငြိမ်မှုမရှိခြင်းနှင့် ငွေကြေးဖောင်းပွမှု မြင့်တက်လာခြင်းတို့ကြောင့် အနည်းငယ်နှေးကွေးလာသည်။ ယခုနှစ် ဒုတိယလေးလအတွင်း စီးပွားရေးကျွမ်းကျင်သူများက ထိုင်းစီးပွားရေးဖွံ့ဖြိုးမှု ၆ ဒသမ ၁ ရာခိုင်နှုန်းရှိရန် မျှော်မှန်းထားသော်လည်း စီးပွားရေးဖွံ့ဖြိုးမှု ၅ ဒသမ ၈ ရာခိုင်နှုန်းသို့သာ ရောက်ရှိခဲ့သည်။

ဘင်္ဂလားဒေ့ရှ်မှ သွင်းကုန် တောင်ကိုရီးယား အခွန်ကင်းလွတ်ခွင့်ပေးမည်

ဒါကာ ဩဂုတ် ၂၆

တောင်ကိုရီးယားအစိုးရအနေဖြင့် ၄င်းဈေးကွက်အတွင်းသို့ တင်သွင်းမည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သွင်းကုန်များအပေါ် အခွန်ကင်းလွတ်ခွင့်ပေးရန် ၄င်းအစိုးရနှင့် ဩဂုတ်၂၅ရက်က သဘောတူညီလိုက်ပြီ ဖြစ်သည်။ ယခုနှစ်အတွင်း ထုတ်ကုန်ပစ္စည်း ၃၀၀ ကျော်ကို အခွန်ကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ တောင်ကိုရီးယားသံအမတ်ကြီး ဆော့ဘမ်ပတ်က ပြောကြားသည်။

စင်ကာပူ၌ ငွေကြေးဖောင်းပွမှု မြင့်တက်လာ

စင်ကာပူ ဩဂုတ် ၂၆

၂၀၀၈ ခုနှစ် ပထမခြောက်လအတွင်း စင်ကာပူနိုင်ငံ၏ ငွေကြေးဖောင်းပွမှုမှာ ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၇ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ စင်ကာပူနိုင်ငံအတွင်း ဝင်ငွေနည်းမိသားစုဦးရေမှာ ၇ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ အလယ်အလတ်ဝင်ငွေရှိ မိသားစုနှင့် ချမ်းသာကြွယ်ဝသည့် မိသားစုများမှာ ၆ ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းလာခဲ့ကြောင်း၊ လက်ရှိတွင် ဝင်ငွေနည်းမိသားစု ၂၀ ရာခိုင်နှုန်း၊ အလယ်အလတ်ဝင်ငွေရှိမိသားစု ၆၀ ရာခိုင်နှုန်းနှင့် ချမ်းသာကြွယ်ဝသည့် မိသားစု ၂၀ ရာခိုင်နှုန်း နေထိုင်လျက်ရှိကြောင်း သိရသည်။

ဂျပန်၏ ကုန်သွယ်မှု ဇူလိုင်လအတွင်းမြင့်တက်

တိုကျို ဩဂုတ် ၂၆

ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးလုပ်ငန်းမှာ ဇူလိုင်လအတွင်း မြင့်တက်လာခဲ့ကြောင်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၈ဒသမ၇ဘီလီယံရှိရာ ၁၈ဒသမ၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ထို့ပြင် ပို့ကုန်လုပ်ငန်းအနေဖြင့်လည်း အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၆ ဘီလီယံဝင်ငွေရရှိခဲ့သဖြင့် ၈ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း စီးပွားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

(ကိုးကား-အင်တာနက်၊ ဆင်ဟွာ)

ဇင်ဘာဘွေ အာဏာခွဲဝေရေးကိစ္စ လိပ်ခဲတည်းလည်းဖြစ်

ဟာရာရေး ဩဂုတ် ၂၆

ယခုနှစ်ဆန်းပိုင်းက အငြင်းပွားဖွယ် ဇင်ဘာဘွေသမ္မတ ရွေးကောက်ပွဲ ကျင်းပပြီးနောက် ဇင်ဘာဘွေပါလီမန်က ပထမဆုံးအကြိမ် ကျမ်းသစ္စာ ကျိန်ဆိုကြရမည် ဖြစ်သည်။

စတင်မည်

သမ္မတမူဂါဘီ၏ ဇာနူ-ပီအက်ဖ်ပါတီနှင့် ဒီမိုကရေစီပြောင်းလဲရေး လှုပ်ရှားမှုအဖွဲ့(အမ်ဒီစီ)ပါတီတို့ အာဏာခွဲဝေရေးကိစ္စ လိပ်ခဲတည်းလည်းဖြစ်နေစဉ် ပါလီမန်အစည်းအဝေး စတင်မည် ဖြစ်သည်။

ရွေးချယ်

ပထမဦးစားပေး လုပ်ငန်းတစ်ခုမှာ ပါလီမန်ဥက္ကဋ္ဌ ရွေးချယ်ရေးပင် ဖြစ်လိမ့်မည်။ အဓိက အတိုက်အခံပါတီဖြစ်သည့် အမ်ဒီစီအနေဖြင့် ပါလီမန်တွင် အမတ်တစ်နေရာ ပိုများသည်။

မဲခွဲအဆုံးအဖြတ်

တစ်သီးပုဂ္ဂလအမတ် ဂျိုနသန်မိုယိုက ဇာနူ-ပီအက်ဖ်ပါတီကို မဲပေးလျှင် မဲခွဲအဆုံးအဖြတ်ပေးရေးမှာ ရှေ့မတိုး နောက်မဆုတ် ဖြစ်သွားနိုင်သည်။

(အင်တာနက်)

ဘဂ္ဂဒက်၌ အသေခံဗုံးခွဲ ၂၅ ဦးသေဆုံး၊ ၃၂ ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်အနောက်ပိုင်း အဘူဂိုက်ခရိုင်တွင် ဩဂုတ် ၂၄ရက်က ညစာစားပွဲတစ်ခု၌ အသေခံဗုံးခွဲ တိုက်ခိုက်မှုကြောင့် ပြည်သူ ၂၅ ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

သေဆုံးသူ ၂၁ဦးရှိကြောင်း ဖလူဂျာမြို့မှ ရဲမှူးကြီး ဒါဝတ်ဆူလေမန်က အစောပိုင်းတွင် ပြောကြားသော်လည်း သေဆုံးသူဦးရေ ၂၅ဦးရှိပြီး ၃၂ဦးဒဏ်ရာ ရကြောင်း ဘဂ္ဂဒက်မြို့ ရဲသတင်းရပ်ကွက်က ပြောကြားသည်။ သေဆုံးသူများတွင် အမျိုးသမီးများနှင့် ကလေးများပါဝင်သည်။

အမ်အင်န်အေ၊ ရိုက်တာ

ကားပြပွဲ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ပြသလျက်ရှိသည့် ကားပြပွဲတွင် ပြသထားသော ကားများကို ဩဂုတ်၂၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါလက်စတိုင်းအကျဉ်းသား ၂၀၀နီးပါးအား အစ္စရေး ပြန်လည်လွှတ်ပေး

ဂျေရုဆလမ် ဩဂုတ် ၂၆

အစ္စရေးနိုင်ငံက ဖမ်းဆီးထားသော ပါလက်စတိုင်း အကျဉ်းသား ၂၀၀ နီးပါးကို ပြန်လွှတ်ပေးလိုက်သည်။ ယင်းမှာ ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်အား ထောက်ခံသောအားဖြင့် စီစဉ်ခြင်းဖြစ်သည်။

လွှတ်ပေးသည့် ပါလက်စတိုင်းအကျဉ်းသားများတွင် အစ္စရေးတို့အား သတ်ဖြတ်သူနှစ်ဦးပါဝင်သည်။ ၄င်းတို့နှစ်ဦးအား အစ္စရေးက၁၉၇၇ခုနှစ်နှင့် ၁၉၇၉ခုနှစ်တွင် ဖမ်းဆီးခဲ့ခြင်း ဖြစ်သည့်အတွက် အကျဉ်းသားသက်တမ်း အကြာမြင့်ဆုံးဖြစ်သည်။

မျှော်လင့်ထား

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး သဘောတူညီချက်ကို ယခုနှစ်ကုန်တွင် ရရှိမည်ဟု အမေရိကန်က မျှော်လင့်ထားဆဲဖြစ်သည်။

ဆန်းစစ်

မကြာမီ လအနည်းငယ်အတွင်းက နှစ်ဖက်ဆက်ဆံရေးတင်းမာသည့်အတွက် ငြိမ်းချမ်းရေး သဘောတူညီမှု ရရှိရေးမှာ ဖြစ်လာနိုင်ဖွယ်မရှိဟု ဆန်းစစ်သူများက သုံးသပ်ကြသည်။

(အင်တာနက်)

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် ကျင်းပသည့် တောရိုင်းတိရစ္ဆာန်စွမ်းရည်ပြပွဲ၌ ဆိတ်နှင့်မျောက်တို့၏ စွမ်းရည်ပြကွက်တစ်ခုကို ဩဂုတ်၂၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်ရဲတပ်ဖွဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆင်နွှဲ ဘိန်းတစ်တန်ကျော် ဖမ်းမိ

ကဘူးလ် ဩဂုတ် ၂၆

အာဖဂန်နစ္စတန်နိုင်ငံအတွင်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများ ဆင်နွှဲလျက်ရှိရာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုများပြားသည့် ဟဲလ်မန့်ပြည်နယ်နှင့် ဟာ့ဒ်ပြည်နယ်တို့မှ ဘိန်း ၁ ဒသမ၂ တန်ကို အာဖဂန် ရဲတပ်ဖွဲ့က ဖမ်းမိခဲ့ကြောင်း ဩဂုတ် ၂၅ရက်၌ အာဖဂန် ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ကြေညာ

ပြီးခဲ့သည့်လအတွင်း ဟဲလ်မန့်ပြည်နယ်တွင် မူးယစ်စစ်ဆင်ရေးတစ်ခု၌ ဘိန်းကီလို ၁၂၀၀ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း၊ ၄င်းနှင့်စပ်လျဉ်း၍ တရားခံသုံးဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ယင်းကြေညာချက်တွင် ပါရှိသည်။

ဖမ်းဆီး

ထို့ပြင် ဟာ့ဒ်ပြည်နယ်၌ ဘိန်း၂၈ ကီလိုကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သော်လည်း ယင်းအမှုနှင့်ဆက်နွယ်သည့် တရားခံများကို ဖမ်းဆီးနိုင်ခြင်း မရှိခဲ့ပေ။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ပြည်နယ်၃၄ခုရှိသည့်အနက် ပြည်နယ်၂၀ တွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကင်းစင်သည့် ပြည်နယ်အဖြစ် ယခုနှစ်အတွင်း ကြေညာနိုင်ခဲ့သည်။

(အင်တာနက်)

တရုတ်နှင့် ပစိဖိတ်ကျွန်းနိုင်ငံများ တွေ့ဆုံဆွေးနွေး

ရှန်ဟိုင်း ဩဂုတ် ၂၆

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ဩဂုတ် ၂၁ရက်က အကြိမ် (၂၀)မြောက် မိတ်ဖက်နိုင်ငံများဖြစ်သည့် ပစိဖိတ်ကျွန်းနိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ကျင်းပသည်။

တိုးမြှင့်

အဆိုပါ အစည်းအဝေး၌ ပစိဖိတ်ကျွန်းနိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ အရှိန်အဟုန်မပြတ် တိုးမြှင့်ဆောင်ရွက်ရေး၊ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံရေးရာနှင့် နယ်ပယ်ကဏ္ဍစုံအသီးသီး၌ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကုန်သွယ်မှု၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့ ပါဝင်သည်။

ပူးပေါင်းဆောင်ရွက်

ယင်းအစည်းအဝေးသို့ ပစိဖိတ်ကျွန်းနိုင်ငံများမှ အကြီးအကဲကိုယ်စားလှယ် ၁၄ဦး တက်ရောက်ပြီး တရုတ်နိုင်ငံနှင့် ပစိဖိတ်ကျွန်းနိုင်ငံများ အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတွင် စွမ်းအင်ကဏ္ဍ၊ စားနပ်ရိက္ခာနှင့် ရေလုပ်ငန်းဆိုင်ရာတို့ကို ထည့်သွင်း ပြောကြားသည်။

(အင်တာနက်)

စူပါကွန်ပျူတာ.... ဘ၀အမောပြေ

လာမေးသမျှ လူများကိုအဆင်ပြေအောင် ငွေကြေး၊ အ၀တ်အထည်နှင့် စားစရာများကို ယူသွားရန် ညွှန်ကြားပေးနိုင်သော စူပါကွန်ပျူတာထံ လူများလာရောက်မေးမြန်းလျက်ရှိသည်။

ပထမလူ ။ ။ ကျွန်တော့်မှာ ဒေါ်လာ ၁၀၀၀ပဲရှိပါတယ်။ စားသောက်ဆိုင်ဖွင့်လိုတဲ့အတွက် ငွေအရင်းအနှီးလိုအပ်နေလို့ စီစဉ်ပေးစေချင်ပါတယ်။

စူပါကွန်ပျူတာ ။ ။ ကျွန်ုပ်ရဲ့ဘယ်ဘက်ခလုတ်ကိုနှိပ်လိုက်ပါ… တွေ့တဲ့ငွေကို ယူသွားလိုက်ပါ။

ဒုတိယလူ ။ ။ ကျွန်တော့်သားလေးမှာ အ၀တ်အစားရှိပါတယ်။ ဒါပေမယ့် အသစ်တစ်စုံ လိုချင်ပါတယ်။

စူပါကွန်ပျူတာ ။ ။ ကျွန်ုပ်ရဲ့ ညာဘက်ခလုတ်ကိုနှိပ်လိုက်ပါ…ကလေးအတွက် အ၀တ်အစားသစ်တစ်စုံ ယူသွားပါ။

တတိယလူ ။ ။ စူပါကွန်ပျူတာခင်ဗျာ…ကျွန်တော့်မှာတော့ ဘာမှမရှိပါဘူး။ လေပဲရှိပါတယ်…

စူပါကွန်ပျူတာ ။ ။ ရပါတယ်…ခင်ဗျားအတွက် ကျွန်ုပ် စက္ကူစွန်တစ်ခု ပေးလိုက်ပါ့မယ်။

တတိယလူ ။ ။ "ဗျာ"

သူတို့အတွေးနှင့်အမြင်

No man is a true gentleman who does not inspire the affection and devotion of his servant.

မိမိအပေါ် မိမိ၏လက်အောက်ငယ်သားက ချစ်ခင်ပြီး စိတ်စေတနာကောင်းများထားလာအောင် ဆောင်ရွက်နိုင်စွမ်းမရှိသူသည် လူကြီးလူကောင်းအစစ်အမှန်တစ်ယောက် မဟုတ်ပါချေ။

အင်ဒရူးကာနက်ဂျီ
(အမေရိကန်နိုင်ငံသား စက်ကော့လူမျိုးသူဌေးကြီး)

Force yourself to reflect on what you read, paragraph by paragraph.

သင်ဖတ်ရှုခဲ့သည့်စာများကို တစ်ပိုဒ်ပြီးတစ်ပိုဒ် ပြန်လည်စဉ်းစား သုံးသပ်တတ်အောင် မဖြစ်မနေ လေ့ကျင့်ပါ။

ဆင်မြူရယ်လ်တေလာကိုးလ်ရစ်ချ်
(အင်္ဂလိပ်လူမျိုးကဗျာဆရာ၊ ဝေဖန်ရေးဆရာနှင့် အတွေးအခေါ်ပညာရှင်)

နှာစေးပြီး နှာရည်ကျခြင်းကို ကြမ်းတမ်းစွာသုတ်ခဲ့လျှင် နှာခေါင်းကင်ဆာ ဖြစ်ပွားနိုင်ဟုဆို

အင်တာနက် ကျန်းမာရေး

နှာစေးချောင်းဆိုးပြီး နှာရည်များထွက်သည့်အခါ လက်ကိုင်ပ၀ါဖြင့် ပြင်းပြင်းထန်ထန် သုတ်လေ့ရှိသူများသည် နှာခေါင်းကင်ဆာရောဂါဖြစ်ပွားနိုင်ကြောင်း ဩစတြေးလျ သုတေသန ပညာရှင်များက သတိပေးလိုက်သည်။

သွေးကြောများပေါက်

အအေးမိပြီး ကိုယ်လက်မအီမသာ ဖြစ်ချိန်တွင် ကိုယ်တွင်းဇီ၀ဖြစ်စဉ် ပြောင်းလဲမှုကြောင့် နှာရည်များ အဆက်မပြတ် ထွက်နေတတ်သည်ဖြစ်ရာ သတိမမူဘဲ လက်ကိုင်ပ၀ါများဖြင့် ကြမ်းတမ်းစွာ သုတ်ခြင်းကြောင့် အလွန်သေးငယ်သော နှာခေါင်းသွေးကြောများ ပေါက်ထွက်ပြီး ဗိုင်းရပ်စ်ပိုးများ ၀င်ရောက်မှုကြောင့် မလိုလားအပ်သည့် အန္တရာယ်ကြီးမားသော ရောဂါများအထိ ခံစားရတတ်ကြောင်း ၄င်းတို့က သတိပေးပြောကြားသည်။

သတိထားသင့်

အအေးမိပြီး နှာရည်ထွက်ကျနေတတ်သည့်အချိန်တွင် အခြားရောဂါများ အလွယ်တကူ ၀င်ရောက်နိုင်သည်ဖြစ်သဖြင့် သတိထားသင့်ကြောင်း၊ ထို့အပြင် နှာခေါင်းကို ကြမ်းတမ်းစွာ လက်ကိုင်ပ၀ါဖြင့် မကြာခဏ မသုတ်သင့်ကြောင်း ၄င်းတို့က အကြံပြုထားသည်။

အကြံပြု

ထို့ကြောင့် နှာရည်ကျသည့်အခါ သတိထားပြီး ညင်သာစွာဖယ်ရှားရန်နှင့် သက်ဆိုင်ရာ ကျန်းမာရေး ကုသမှုခံယူရန် အထူးလိုအပ်ကြောင်း၊ သို့မှသာ မလိုလားအပ်သော ဆိုးကျိုးများခံစားရမှုမှ ကင်းဝေးမည် ဖြစ်ကြောင်း ၄င်းတို့က အကြံပြုပြောကြားထားသည်။

ထိုင်းတောင်ပိုင်း ပြည်နယ်၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွား

ဗန်ကောက် ဩဂုတ် ၂၆

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီ၀ပ်ပြည်နယ်ရှိ စာသင်ကျောင်းတစ်ကျောင်း၌ ဩဂုတ်၂၅ရက် နံနက်ပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လုံခြုံရေးတပ်ဖွဲ့၀င်ခြောက်ဦး ဒဏ်ရာအနည်းငယ် ရရှိခဲ့ကြောင်း အမျိုးသားသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ပေါက်ကွဲ

ယင်းဖြစ်ပွားမှုသည် ကျောင်း၀င်းအတွင်းရှိ ဆရာမများ တာ၀န်ကျနေရာအနီး၌ မိုဘိုင်းလ်ဖုန်း တစ်လုံးမှ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

၂၀၀၄ခုနှစ် အစောပိုင်းမှစတင်ကာ ထိုင်းနိုင်ငံတောင်ပိုင်း ပြည်နယ်များဖြစ်သည့် ယာလာ၊ နာရာသီ၀ပ်နှင့် ပတ္တနီပြည်နယ်များတွင် သောင်းကျန်းသူများ၏ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် လူပေါင်း၃၅၀၀ကျော် သေဆုံးလျက်ရှိသည်။ **(အင်တာနက်)**

တရုတ်-အိန္ဒိယနှင့် ဆက်ဆံရေး နီပေါ ညီမျှအောင် ထိန်းညှိမည်ဟုဆို

ခတ္တမန္ဒူ ဩဂုတ် ၂၆

နီပေါအစိုးရသစ်အနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် တရုတ်တို့ ဆက်ဆံရာတွင် အညီအမျှ အလေးထား ဆက်ဆံသွားမည်ဖြစ်ကြောင်း နီပေါနိုင်ငံခြားရေး၀န်ကြီး မစ္စတာယာဒက်က ဩဂုတ် ၂၄ရက်၌ ပြောကြားလိုက်သည်။

သံတမန် ဆက်ဆံရေး အင်အားမှာ ပြောင်းလဲလာပြီဖြစ်ကြောင်း၊ မိမိတို့အစိုးရက အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတွင် ချိန်ခွင်လျှာညီမျှအောင် ထိန်းညှိထားမည် ဖြစ်ကြောင်း ၄င်းက ထည့်သွင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

စိတ်လိုက်မာန်ပါ ပြုမူခဲ့မိရာဝယ် ....

နိုင်ငံတကာ မှုခင်း

စချူကီလ်ဟာဗင်မြို့လေးသည် အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ်တွင် တည်ရှိပြီး ဖီလာဒဲလ်ဖီးယားမြို့၏ အနောက်မြောက်ဘက် ၇၅ မိုင်အကွာတွင် တည်ရှိသည့် မြို့လေးတစ်မြို့ ဖြစ်သည်။

ထိုမြို့လေးတွင် ဂျိုးဇက်ဂီဂါ**(အောက်ပုံ)**အမည်ရှိ လူတစ်ဦးနေထိုင်သည်။ ဂျိုးဇက်ဂီဂါသည် ငယ်စဉ်က မိဘများမှာ စီးပွားရေးချောင်လည်သူများဖြစ်သဖြင့် ၄င်းအား ပညာတတ်ဖြစ်စေရေးအတွက် ကျောင်းထားပေးသော်လည်း ငယ်ရွယ်သူပီပီ ပညာကို တန်ဖိုးထားရကောင်းမှန်းမသိဘဲ ဆိုးတေခဲ့သောကြောင့် ပညာရေး ဆုံးခန်းမတိုင်ခဲ့ပေ။

သောက်သုံးတတ်လာ

မိဘနှစ်ပါး မျက်ကွယ်ပြုသွားသောအခါ မိဘများ ရှာဖွေစုဆောင်းထားသည့် စီးပွားရေးကို တိုးပွားအောင် မလုပ်သည့်အပြင် ရှိရင်းစွဲ စီးပွားဥစ္စာများကိုပင် သုံးဖြုန်းပစ်လေသည်။ ထို့အပြင် အရက်ကိုလည်း အလွန်အကျွံသောက်သုံးတတ်လာသည်။

တေးမှတ်ထား

ဂျိုးဇက်သည် ထိုသို့ နေလာရင်းမှ အသက် ၁၃နှစ်အရွယ်ရှိ ဒေးဗစ်ရိဒ်အမည်ရှိ လူငယ်လေးတစ်ဦးနှင့် ပြဿနာဖြစ်ပွားခဲ့သည်။ အကြောင်းမှာ ထိုလူငယ်လေးသည် လူငယ်ပီပီ သူ့အားခွင့်မတောင်းဘဲ ခင်မင်မှုကို အခွင့်ကောင်းယူလျက် သူနှစ်ခြိုက်သဖြင့် သောက်သုံးရန် သိုလှောင်ထားသော အရက်ပုလင်း ၅၀ခန့်အား အိမ်တွင် သူမရှိချိန်၌ ရောင်းစားပစ်ခဲ့လေသည်။

ထို့ကြောင့် ဂီဂါသည် ဒေးဗစ်ရိဒ်အပေါ် အလွန်စိတ်ဆိုးကာ မှတ်လောက်သားလောက်အောင် ဆုံးမမည်ဟု စိတ်ထဲ၌ တေးမှတ်ထားလေသည်။

ဂျိုးဇက်ဂီဂါ၏ဆန္ဒသည် ၁၉၈၅ခုနှစ် ဩဂုတ် ၂၁ရက်တွင် ပြည့်၀ခဲ့လေသည်။ ထိုနေ့က ဒေးဗစ်ရိဒ်နှင့်ဂျိုးဇက်တို့သည် သူတို့နှစ်ဦးစလုံး၏ အိမ်နှင့်နီးသည့် တောအုပ်လေးအတွင်းရှိ ရထားတွဲပျက်အတွင်း၌ ဆုံတွေ့ကြလေသည်။ ထိုနေရာသို့ ဂျိုးဇက်ရောက်ရှိသွားချိန်တွင် ဒေးဗစ်ရိဒ်သည် ရထားတွဲပျက်အတွင်း၌ ဆေးလိပ်သောက်နေချိန်ဖြစ်ပြီး ပတ်၀န်းကျင်တွင်လည်း လူသူပြတ်နေပေသည်။

ထိုအခါမှ ဂျိုးဇက်၏စိတ်ထဲတွင် ဒေးဗစ်အား ယခင်ကမကျေနပ်ချက်များ ကောက်ကာငင်ကာ ပေါ်လာသည်။ ထို့ကြောင့် ဒေးဗစ်ရိဒ်ရှိရာ ရထားတွဲပျက်အတွင်း လျှပ်တစ်ပြက်၀င်ရောက်ကာ ဒေးဗစ်ရိဒ် ဘာမျှမပြောလိုက်နိုင်မီမှာပင် မျက်နှာအား လက်သီးဖြင့်ထိုးခဲ့လေသည်။ ဂျိုးဇက်၏ ရုတ်တရက်တိုက်ခိုက်မှုကို အငိုက်မိစွာ ခံလိုက်ရသော ဒေးဗစ်မှာ အားချင်းမမျှသဖြင့် ရထားတွဲပျက်အတွင်းမှ လွင့်ကျသွားပြီး တွဲဘေးရှိ အုတ်နံရံနှင့် ဆောင့်မိကာ သေဆုံးသွားခဲ့သည်။

ပုပ်သိုးဆွေးမြေ့နေ

မတော်တဆဖြစ်ရပ်ကြောင့် ဂျိုးဇက်အနေဖြင့် ထိတ်လန့်တုန်လှုပ်သွားခဲ့သော်လည်း လူသူပြတ်သော နေရာဖြစ်သဖြင့် ဒေးဗစ်၏ အလောင်းကို ၀ှက်ထားခဲ့လေသည်။ ထိုညမိုးချုပ်စတွင်မူ ၄င်း၏ နေထိုင်ရာအိမ်မှ မိုင်၀က်ခန့်ဝေးသော သစ်တောကြီးတစ်ခုအတွင်းသို့ လျှို့၀ှက်သယ်ဆောင်ကာ မြှုပ်နှံထားခဲ့သည်။ ထို့နောက် ဣန္ဒြေမပျက်ပြန်လာကာ ပုံမှန်လှုပ်ရှားနေထိုင်ခဲ့သည်။ ဒေးဗစ်ရိဒ်၏အစ်ကို ဂျိုးဇက်ရိဒ်ကိုပင် ဘာမျှမဖြစ်သလို နှုတ်ဆက်ခေါ်ပြောနိုင်လောက်အောင် သွေးအေးအေးဖြင့် ဟန်ဆောင်ကောင်းခဲ့လေသည်။ သို့သော်လည်း အခင်းဖြစ်ပွားပြီး လေးလအကြာ ၁၉၈၅ခုနှစ် ဒီဇင်ဘာလတွင် ဒေးဗစ်ပျောက်ဆုံးမှုနှင့် ပတ်သက်ပြီး ရှာဖွေနေသည့် ရဲအဖွဲ့က ဒေးဗစ်အား မြှုပ်နှံထားရာနေရာကို တွေ့ရှိခဲ့ကြပြီး ၁၉၈၆ ခုနှစ် ဇန်န၀ါရီလတွင် အလောင်းကို တူးဖော်ရာ ပုပ်သိုးဆွေးမြေ့နေပေပြီ။

သို့သော်လည်း တရားခံကိုမူ ချက်ချင်းမဖော်ထုတ်နိုင်ခဲ့ပေ။ ရဲတပ်ဖွဲ့အား တရားခံဖော်ထုတ်ပေးရန် တောင်းဆိုခဲ့သော ဒေးဗစ်၏အစ်မမှာ ၂၀၀၇ခုနှစ်တွင် သေဆုံးသွားပြီဖြစ်ပြီး ဒေးဗစ်၏ အမေမှာမူ ၂၀၀၁ခုနှစ်ကတည်းက သေဆုံးခဲ့ပြီးဖြစ်သည်။ ဖလော်ရီဒါပြည်နယ် ဖို့ဒ်အမ်ယာမြို့တွင် နေထိုင်သော ဂျိုးဇက်ရိဒ်ဆိုသည့် ဒေးဗစ်ရိဒ်၏ အစ်ကိုဖြစ်သူသာ အသက်ရှင်လျက် ကျန်တော့သည်။

စိတ်လိုက်မာန်ပါ

ဒေးဗစ်သေဆုံးမှုမှာ တရားခံမပေါ်ဘဲ နှစ်အတန်ကြာ လိပ်ခဲတည်းလည်း ဖြစ်နေရာမှ ၂၃နှစ်တင်းတင်းပြည့်သည့် ၂၀၀၈ခုနှစ် ဩဂုတ်လ ၂၁ရက်တွင်မူ ရဲတပ်ဖွဲ့က အသက်၄၃နှစ်ရှိ ဂျိုးဇက်ဂီဂါကို ဒေးဗစ်အားသတ်မှုဖြင့် ဖမ်းဆီးခဲ့တော့သည်။ ဒေးဗစ်သည် စိတ်လိုက်မာန်ပါ ပြုမူခဲ့မှု၏ဆိုးကျိုးကို ခံစားရပေဦးတော့မည်။

ယခုဖြစ်ရပ်တွင် အမြဲတမ်း အရက်လွန်ကျွံစွာ သောက်သုံးခဲ့သည့် ဂျိုးဇက်ဂီဂါသည် ၄င်း၏ အရက်ပုလင်းများ ယူငင်ရောင်းစားသူ လူငယ်လေးအား အရက်၏စေစားမှုကြောင့် အငြိုးထားကာ အမျက်သိုခဲ့သည်။ ထို့ကြောင့် ဆင်ခြင်တုံတရား ပျောက်ကွယ်ကာ စိတ်လိုက်မာန်ပါ ပြစ်မှုကျူးလွန်ပြီး နှစ်ကာလကြာရှည်စွာ လွတ်မြောက်နေခဲ့ပါသော်လည်း အချိန်တန်သောအခါ ဥပဒေလက်အောက်သို့ ပြန်လည်ရောက်ရှိခဲ့ရသော ဂျိုးဇက်ဂီဂါ၏ သင်ခန်းစာယူဖွယ်ရာဖြစ်ရပ်ကို ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက် **ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊
မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊
တင်မာ၀င်းနှင့် အေးသန္တာသိန်း

အဏ္ဏ၀ါသိပ္ပံ



ပင်လယ်လိပ်များ လျော့နည်းလာ

အိန္ဒိယသမုဒ္ဒရာနှင့် အရှေ့တောင်အာရှဒေသ ရေပြင်များတွင် ပင်လယ်လိပ်များ မျိုးသုဉ်းပျောက်ကွယ်မှုမရှိရန် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ နိုင်ငံပေါင်း ၃၀မှ အရာရှိများ ဆွေးနွေးနေကြပြီ ဖြစ်သည်။

မျိုးစိတ်များ ထိခိုက်ပျက်စီး

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုကြောင့် ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာတို့၏အပူချိန်များ တိုးမြင့်လာလျက်ရှိရာ ပင်လယ်ပျော် သတ္တ၀ါမျိုးစိတ်များ ထိခိုက်ပျက်စီးလျက်ရှိရာ မည်သို့ကာကွယ်ထိန်းသိမ်းသင့်သည်ကို နိုင်ငံတကာမှ ကျွမ်းကျင်သူများ ဆွေးနွေးလျက်ရှိသည်။

အဆိပ်သင့်

ပင်လယ်သမုဒ္ဒရာတွင် ဓာတုဗေဒ စွန့်ပစ်ပစ္စည်းများကြောင့် အဆိပ်သင့်မှုများ တဖြည်းဖြည်းများပြားလာလျက်ရှိသလို ရေနံယိုဖိတ်မှုများ၊ လက်နက်စမ်းသပ် ပစ်လွှတ်မှုများကြောင့် ပင်လယ်နှင့် သမုဒ္ဒရာတွင် ကျက်စားနေသည့် လိပ်များအပါအ၀င် သတ္တ၀ါမျိုးစိတ်များ သေကျေပျက်စီးလျက် ရှိသည်။

ပျက်စီးမှုများ

ထို့အတူ ပင်လယ်ကမ်းခြေဒေသများနှင့် ကမ်းရိုးတန်းများတွင်လည်း သဘာ၀ပတ်၀န်းကျင် ယိုယွင်းပျက်စီးမှုများနှင့် လူတို့၏ဖမ်းဆီးမှုတို့ကြောင့် အချိန်မီ ကာကွယ်တားဆီးခြင်းမပြုလျှင် ပင်လယ်လိပ်များ တဖြည်းဖြည်း အကောင်ရေလျော့နည်းလာကာ မျိုးသုဉ်းပျောက်ကွယ်မည့် အနေအထားရှိကြောင်း သုတေသန ပညာရှင်များက သတိပေးထားသည်။ (အင်တာနက်)

● ရှေ့ဖုံးမှ

ဝန်ဆောင်ပေးနေမှု

သို့ဖြစ်၍ ရက်တိုတိုအတွင်း စွမ်းအားပြည့် ဆောင်ရွက်ခဲ့ကြသော အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများအနက် စာရေးသူသည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တာဝန်ရှိသူများအား သွားရောက်တွေ့ဆုံမေးမြန်း၍ ရန်ကုန်တိုင်း ဒေသခံပြည်သူများနှင့် စက်မှုလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားဖြင့် ဝန်ဆောင်မှုပေးနေမှုများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တည်ဆောက်ရာ၌ လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ် လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးအပါအဝင် ဘက်စုံကဏ္ဍစုံအတွက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ ပထမဦးစွာ အရေးကြီးဆုံးသော အခြေခံမှာ လျှပ်စစ်ဓာတ်အားဖြစ်သည်။ လျှပ်စစ်ဓာတ်အားကဏ္ဍကို ခိုင်မာအောင် တည်ဆောက်နိုင်မှသာ ကျန်ရှိသော စီးပွားရေးလုပ်ငန်းကြီးများကို ရှင်သန်ကြီးမားတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။

စီးပွားရေးမြို့တော်

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဟု ခေါ်ဆိုနိုင်သော ရန်ကုန်မြို့၏ ဖွံ့ဖြိုးမှုအရှိန်အဟုန်သည် မြင့်မားလာပြီး စက်ရုံ၊ အလုပ်ရုံ၊ စက်မှုဇုန်ကြီးများနှင့် အဆင့်မြင့်အိမ်ရာများ၊ လူနေမှုအဆင့်အတန်းများ စသည်တို့တွင် ခေတ်မီ နည်းပညာများနှင့် အီလက်ထရွန်နစ် စက်ကိရိယာများကို ပိုမိုအသုံးပြုလာနိုင်ကြသဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် အဆမတန် များပြားလာလျက်ရှိသည်။

စီးပွားရေးမြို့တော်ဟုဆိုရမည့် ရန်ကုန်မြို့သည် ၂၀၀၈ခုနှစ် ယခုနှစ် ဇန်နဝါရီလ ၁ရက် ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ အိမ်ထောင်စုစာရင်းအရ အိမ်ထောင်စုပေါင်း ၁၂၃၈၁၆၈ ရှိပြီး စက်မှုဇုန်ကြီးများ၊ စည်ပင်သာယာအဖွဲ့ပိုင် ရေတွန်းစက်ကြီးများ၊ CNG ဓာတ်ငွေ့လိုင်းများနှင့် ဓာတ်ဆီဆိုင်များ၊ နိုင်ငံပိုင် စက်ရုံအလုပ်ရုံကြီးများ၊ လမ်းမီးနှင့် မီးပွိုင့်များ၊ ဘာသာရေးအရ ဘုရားပုထိုးစေတီကြီးများ၊ သံတမန်နေအိမ်များ စသည်တို့ အပါအဝင် ရန်ကုန်စက်မှုမြို့၏ လျှပ်စစ်ဓာတ်အားအသုံး မှာ နေ့ဘက်တွင် ၅၁၂ ဒသမ ၅ မဂ္ဂါဝပ် ရှိပြီး ညပိုင်းတွင် ၄၉၇ မဂ္ဂါဝပ်ရှိသည်။ ထိုမဂ္ဂါဝပ်များကို ရန်ကုန်မြို့တော်လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့သည် ယခုအခါ အပြည့်အဝ ဖြန့်ဖြူးပေးဝေလျက်ရှိသည်ဟုဆိုသည်။

သီးခြားဖွဲ့စည်း

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ပေါ်ပေါက်လာပုံကို တင်ပြရပါလျှင် ရန်ကုန်မြို့တော်ကို ခေတ်မီမြို့တော်အင်္ဂါရပ်နှင့်အညီ လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးပေးရေးနှင့် လုပ်ငန်းများစနစ်တကျ မှန်ကန် လျင်မြန်ချောမွေ့စွာ ဆောင်ရွက်သွားနိုင်ရေးတို့အတွက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ကို သီးခြားဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ကို ၂၀၀၆ခုနှစ် ဧပြီ ၁ရက်တွင် ဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးတစ်ဦးနှင့် ဌာနကြီးလေးခုဖြစ်သော အုပ်ချုပ်ရေးဌာန၊ ဘဏ္ဍာရေးဌာန၊ ပစ္စည်းထောက်ပံ့ရေးဌာနနှင့် အင်ဂျင်နီယာဌာနမှ ဌာနကြီးမှူးလေးဦးကို အဖွဲ့ဝင်အဖြစ်ထားရှိပြီး ခုနစ်ဦးနှင့်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ယင်းသို့ဖွဲ့စည်းခဲ့သော ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ ဓာတ်အားပေးစနစ်အတွင်းတွင်-

* ၂၃၀/၆၆/၃၃ ကေဗွီဓာတ်အားခွဲရုံငါးရုံ
* ၆၆/၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံ ၁၉ရုံ
* ၃၃/၁၁/၆ ဒသမ ၆ ကေဗွီဓာတ်အားခွဲရုံ ၂၆၃ ရုံ
* ၁၁/ ၆ ဒသမ ၆/ ဝ ဒသမ ၄ ကေဗွီဓာတ်အားခွဲရုံ ၆၁၂၆ ရုံ

ထို့အပြင် ကောင်းကင်ဓာတ်အားလိုင်းများမှာ-

* ၆၆ ကေဗွီဓာတ်အားလိုင်း ၆၁ ဒသမ ဝ၃ မိုင်
* ၃၃ ကေဗွီဓာတ်အားလိုင်း ၃၂ဝ၃ ဒသမ ၆၇ မိုင်
* ၁၁ ကေဗွီဓာတ်အားလိုင်း ၆၈၁ ဒသမ ၈ဝ၅ မိုင်
* ၆ ဒသမ ၆ ကေဗွီဓာတ်အားလိုင်း ၃၉၃ ဒသမ ၇၅ မိုင်
* ဝ ဒသမ ၄ ကေဗွီဓာတ်အားလိုင်း ၂၃၅၉ ဒသမ ၁၂မိုင် ဖြစ်ပြီး

မြေအောက်ဓာတ်ကြိုး ဓာတ်အားလိုင်း-

* ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၂ဒသမ ၃၉မိုင်
* ၃၃ ကေဗွီဓာတ်အားလိုင်း ၄၃၂ဒသမ၆၆မိုင်
* ၁၁ ကေဗွီဓာတ်အားလိုင်း ၁၂ဝဒသမဝ၃မိုင်
* ၆ဒသမ၆ ကေဗွီဓာတ်အားလိုင်း ၃၁၂ဒသမ၂၅မိုင်
* ဝဒသမ၄ ကေဗွီဓာတ်အားလိုင်း ၁၆၂ဒသမ၁၄မိုင် ရှိကြောင်း သိရသည်။

တိုးချဲ့တည်ဆောက်ထား

ထို့အပြင် ရန်ကုန်တိုင်းအတွင်းတွင် ဓာတ်အားလိုအပ်ချက်မြင့်မားလာခြင်းကြောင့် လက်ရှိ၆၆/၃၃/၁၁ကေဗွီခွဲရုံများနှင့် ၆၆ကေဗွီဓာတ်အားလိုင်းများသည် ဓာတ်အားလိုအပ်ချက်ကိုဖြည့်ဆည်းပေးရန် လုံလောက်မှုမရှိတော့၍ ပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၀၀၈-၂၀၀၉ခုနှစ်အတွင်း ၆၆/၃၃/၁၁ ကေဗွီ ရုံခွဲများနှင့် ၆၆ကေဗွီဓာတ်အားလိုင်း အပါအဝင် MRTV-3၊ တော်ဝင်၊ ဝေဘာဂီ၊ ရွှေပေါက်ကံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) တို့တွင် ဓာတ်အားခွဲရုံငါးခု၊ ပုသိမ်ညွန့်၊ ပါရမီဘောလီ၊ ကျိုက္ကဆံ၊ လှော်ကားတွင် ထရန်စဖော်မာလေးခု၊ ၂၃၀/၆၆ ကေဗွီ ထရန်စဖော်မာတစ်လုံး ပေါင်းငါးလုံးနှင့် ဆင်မလိုက် MRTV-3၊ သာကေတ၊ သာကေတ-ပုသိမ်ညွန့်၊ ဒဂုံ(အရှေ့)-ရွှေပေါက်ကံ၊ ဒဂုံ(အရှေ့)- ဝေဘာဂီ၊ ဒဂုံ(အရှေ့)-စက်မှုဇုန်၊ ကျိုက်ဝိုင်း-စိန်ပန်းမြိုင် တို့တွင် ၆၆ကေဗွီ ဓာတ်အားလိုင်း ခုနစ်လိုင်းတို့ကို တိုးချဲ့တည်ဆောက်ထားကြောင်း သိရသည်။

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မောင်လတ်(ငြိမ်း)က ရန်ကုန်မြို့အတွင်း လက်ရှိဆောင်ရွက်နေသည့် ဓာတ်အားပေးစနစ်နှင့်ပတ်သက်၍ ဤသို့ရှင်းပြခဲ့သည်။

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်ပေါင်း၁၄ဇုန်တို့မှ စက်ရုံပေါင်း၄၃၈၈ရုံ၊ ဝန်ကြီးဌာန အသီးသီးပိုင် စက်ရုံပေါင်း၁၃၆ရုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနပိုင် စက်ရုံပေါင်း ၈၆ရုံ၊ သံရုံးနှင့် အဖွဲ့အစည်းပေါင်း၃၅ခု၊ ဓာတ်ငွေ့ဆိုင်ပေါင်း၃၆ဆိုင်၊ စည်ပင်သာယာအဖွဲ့ပိုင် ရေတွန်းစက်ပေါင်း၄၂ခု၊ တပ်မတော်ဆေးရုံကြီးများ အပါအဝင် မြို့နယ်အသီးသီးမှ ဆေးရုံကြီးပေါင်း ၄၇လုံး၊ မီးပွိုင့် ၁၃၄ ခု၊ လမ်းမီးများနှင့် နိုင်ငံခြားငွေဖြင့် မီးသုံးသူ အိမ်ထောင်စုများအပါအဝင် အိမ်ထောင်စုပေါင်း ၇၄၇၆၀၀ တို့ကို လျှပ်စစ်ဓာတ်အားများ ဖြန့်ဝေခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး မဟာဓာတ်အားလိုင်းနှင့် အလှမ်းကွာဝေးသောနေရာများတွင် ဓာတ်အားသုံးစွဲနိုင်ရေးအတွက် စပါးခွံလောင်စာမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်၍ ဓာတ်အားပေးခြင်းလုပ်ငန်းများကို ခရမ်းမြို့နယ် ကမာမတ်ကျေးရွာနှင့် တွံတေးမြို့နယ် သဝန်းတောင်ကျေးရွာတို့တွင် ဓာတ်အားထုတ်လုပ်သောစက်များ တပ်ဆင်၍ ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

ဓာတ်အားကွန်ရက်

ရန်ကုန်မြို့၌ ဖြန့်ဝေလျက်ရှိသော လျှပ်စစ်ဓာတ်အားများသည် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သော ဓာတ်အားများနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သော ဓာတ်အားများကို ဝန်ကြီးဌာနက သတ်မှတ်ပေးသောဈေးနှုန်းဖြင့်ဝယ်ယူ၍ ဓာတ်အားစနစ်ကွန်ရက် (National Gribsystem) သို့ ချိတ်ဆက်ရယူပြီး ဓာတ်အားသုံးစွဲသူများကို ဖြန့်ဖြူးပို့လွှတ်ကာ ဝန်ဆောင်မှုပေးနေခြင်းဖြစ်သည်။

ထိုသို့ ပို့လွှတ်ပေးနေသည့် လျှပ်စစ်ဓာတ်အားများ ဓာတ်အားစနစ် တည်ငြိမ်အောင် ထိန်းသိမ်းနိုင်ရေးအတွက်ကိုလည်း အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားကွပ်ကဲရေးဌာနမှ မဟာဓာတ်အားလိုင်းသုံး ဆက်သွယ်ရေးစနစ် (Power, Line, Carrier- PLC)ကို အသုံးပြု၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မီတာတပ်ဆင်နိုင်

မိမိသည် ရန်ကုန်တိုင်းအတွင်း လျှပ်စစ်ဓာတ်အားစနစ် ပိုမိုမြင့်မားစွာ ပြည်သူများ အသုံးပြုနိုင်ရေးနှင့် မီတာများတပ်ဆင်ခွင့်ရမည့် အခွင့်အလမ်းများကို မည်ကဲ့သို့ စီစဉ်ဆောင်ရွက်နေကြောင်း မေးမြန်းစေ့ငုကြည့်ရာ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မောင်မောင်လတ်(ငြိမ်း)က ရန်ကုန်တိုင်းအတွင်း "လျှပ်စစ်ဓာတ်အားသုံးသူတိုင်း မီတာရရှိရမည်"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စီမံချက်များရေးဆွဲ၍ မီတာတပ်ဆင်ပေးခြင်း၊ System, Improvement အနေဖြင့် ဓာတ်အားစနစ်မြင့်မားရေးအတွက် သွယ်တန်းထားသည့် ကောင်းကင်ကြေးကြိုးများနှင့် ထရန်စဖော်မာများ လဲပေးခြင်းများကို ဆောင်ရွက်လျက်ရှိနေသလို လျှပ်စစ်မီတာများနှင့် ပတ်သက်၍ အိမ်သုံးမီတာတစ်လုံး ကျပ် ၅၇၀၀၀၊ အိမ်သုံးနှင့် စက်မှုသုံးပါဝါမီတာ ၁၀ကီလိုဝပ်၊ ကီလိုဝပ် ၂၀ နှင့် ကီလိုဝပ် ၃၀ရှိ မီတာများကို သက်ဆိုင်ရာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများတွင် နေ့ချင်းပြီး တပ်ဆင်ပေးလျက်ရှိကြောင်းနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲနှင့် အဆင်မပြေမှုများရှိပါက ဥက္ကဋ္ဌရုံး ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ တယ်လီဖုန်းအမှတ် ဝ၁-၂၂၉၁၄၄၊ ဝ၁-၂၁၅ဝ၄၈၊ စုံစမ်းစစ်ဆေးရေးဌာန တယ်လီဖုန်းအမှတ် ဝ၉-၅၁-ဝဝ၉၅၁၊ ဝ၁-၂၁၅ဝ၃၉၊ ဝ၁-၂၁၅ဝ၄၇ တို့သို့ ဆက်သွယ်နိုင်ပါကြောင်း ရှင်းလင်းပြောကြားလိုက်ပါသည်။ ။

(မြန်မာ့အလင်း)



ဓာတ်အားကွပ်ကဲရေး

ရန်ကုန်မြို့အတွင်း သုံးစွဲနေသော လျှပ်စစ်ဓာတ်အားစနစ် တည်ငြိမ်ရေးအတွက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားကွပ်ကဲရေးဌာနက ဓာတ်အားလိုင်းသုံး ဆက်သွယ်ရေးစနစ်များအသုံးပြု၍ ဤကဲ့သို့ ၂၄နာရီပတ်လုံး ဆောင်ရွက်ပေးလျက်ရှိသည်။

---

* ကျောဖုံးမှ

စမ်းချောင်းမြို့နယ်ရှိ ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း ရောက်ရှိကာ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန် အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်နှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်တို့မှ ကိုယ်တိုင်ထုတ်လုပ်သူလုပ်ငန်းရှင်များ၏ ကြက်သား၊ ကြက်ဥနှင့် ငါး၊ ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်း ကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင် ဇဟိုစံပြငါးဈေး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ဆိတ်သား၊ ဝက်သား၊ အမဲသား၊ ရေချိုရေငန် ငါးမျိုးစုံနှင့် နို့ထွက်ပစ္စည်း အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ စားဖိုဆောင်သုံးသီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ၏ ကြက်သွန်နီ အရောင်းဆိုင်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီ အရောင်းဆိုင်များ၊ ဟင်းသီးဟင်းရွက်၊ မီးဖိုချောင်သုံးပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန် အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက စားသုံးကုန်ပစ္စည်းအမယ်မျိုးစုံ ပိုမိုတိုးတက် ရောင်းချရေး၊ ဟင်းသီးဟင်းရွက်နှင့် သားငါးများကို သန့်ရှင်းလတ်ဆတ်စွာ၊ ဈေးနှုန်းသက်သာစွာ ရောင်းချရေးနှင့် အခွန်လွတ်ဈေးများအတွင်း သန့်ရှင်းသပ်ရပ်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၇-၈-၂၀၀၈ ရက်

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:ဝဝ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃ဝ ၃။ နံနက်ခင်းသတင်း
- ၇:၄ဝ ၄။ နှောင်းခေတ်တေးပဒေသာ
- ၇:၅ဝ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:ဝဝ ၆။ **အသိစိတ်ကလေး အရင်းတည်၍** ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ- ကြည်စိုး)
- ၈:၁၅ ၇။ ၂ဝဝ၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များလှေ့လာနိုင်ကြရန် (မဟာဂီတ) (ဝါသနာရှင်၊ ဒုတိယတန်းအဆင့်) (အမျိုးသား၊ အမျိုးသမီး)
- ၈:၃ဝ ၈။ International News
- ၉:ဝဝ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:ဝဝ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁ဝ ၂။ တေးဂီတအစီအစဉ်
- ၄:၂ဝ ၃။ အဆိုပြိုင်ပွဲ
- ၄:၃ဝ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၄ဝ ၅။ အကပြိုင်ပွဲ
- ၄:၅ဝ ၆။ သီချင်းကြီးပဒေသာ
- ၅:ဝဝ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၁ဝ ၈။ ၂ဝဝ၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား၊ အမျိုးသမီး)
- ၅:၃ဝ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၆:ဝဝ ၁ဝ။ ညနေခင်းသတင်း
- ၆:၃ဝ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ မြန်မာ့ခလေ့ရိုးရာလက်ဇော့
- ၆:၅ဝ ၁၃။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇:၂ဝ ၁၄။ **"ဆိုလိုက်ကြစို့"**
- ၈:ဝဝ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ၂ဝဝ၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ **သုဝဏ္ဏသာမဇာတ်တော်ကြီး ပြိုင်ပွဲ** (အောင်ကိုဝင်းနှင့်အဖွဲ့) (တတိယဆု) (ရန်ကုန်တိုင်း) (ဒုတိယပိုင်း)
- ၁၉။ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဩဂုတ် ၂၆

"မြန်မာ-ကူဝိတ်ဆက်ဆံရေးမှသည် အရှေ့အလယ်ပိုင်းဆီသို့"အကြောင်းနှင့်ပတ်သက်ပြီး ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ သုံးသပ်ချက်များ၊ "လယ်ယာပါဝါသည် တတိယလှိုင်းပြီးနောက် ထွက်ပေါ်လာမည့် စတုတ္ထလှိုင်းလော" အင်အားကြီး လယ်ယာပါဝါနိုင်ငံအဖြစ်သို့ မြန်မာနိုင်ငံရောက်ရှိလာဖွယ်ရှိကြောင်း သုံးသပ်ချက်များ၊ ကုလထွေချုပ်၏ အကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီ၏ မြန်မာနိုင်ငံခရီးစဉ်များ အပါအဝင် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၃၃) ထွက်ရှိလာသည်။

ထို့အပြင် ကုလထွေချုပ်၏ အကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံရန် နှစ်ကြိမ်တိုင် ကြိုးစားခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့၊ စက်သုံးဆီများကို FEC ပေါက်ဈေးဖြင့် မည်သည့်ဆိုင်တွင်မဆို လွတ်လပ်စွာဝယ်ယူနိုင်၊ ထားဝယ်ရေနက် ဆိပ်ကမ်းစီမံကိန်း ကနဦးတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ပြီ၊ သဃ်န်းကျွန်း နှစ်လောင်းပြိုင်လှူသတ်တရားခံ နောက်ထပ်တစ်ဦးကို ဖမ်းဆီးရမိ၊ ဂျပန်တွင်ကျင်းပသည့် ကိုးကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အခြေခံပညာအထက်တန်းဆင့် ပန်းချီပြိုင်ပွဲတွင် မြန်မာရွေးချယ်ခံရ၊ ရန်ကုန်-ပုသိမ်လမ်းပိုင်း အေးရှားဝေါလ်နှင့် ပြည်သူ့ဆောက်လုပ်ရေး ပူးပေါင်းပြုပြင်၊ မြန်မာနယ်စပ်တွင် ကန်ထရိုက်စနစ် စိုက်ပျိုးရေးလုပ်ရန် ထိုင်းကစီစဉ်၊ မိုး/ဇလ သတင်းအချက်အလက်များ၊ SMS စနစ် အသုံးပြုမေးမြန်းနိုင်၊ ဒီဇိုင်းအမျိုးပေါင်း ၆ဝထုတ်လုပ်နိုင်သည့် မြန်မာ့ပထမဆုံး ဖိုင်ဘာဘုတ်မိုရေကြောင်းပညာတက္ကသိုလ်ကတီထွင်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "အနုပညာနှင့် တီထွင်ဖန်တီးမှု"အကြောင်း စသည့်ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာ သတင်းများ ပါရှိသည်။

အငှားကိုယ်ဝန်ဆောင်ချင်သူများ စင်ကာပူက အလိုရှိသည်။ ကမ္ဘာ့ဈေးအကြီးဆုံးစံအိမ်ကြီး ရုရှားသူဌေးကြီးကဝယ်၊ အိုလံပစ်ဖွင့်ပွဲအတွက် ဇာတ်တိုက်ရာတွင် ဒဏ်ရရှိသွားသည့် ကချေသည်၏ ရောဂါအခြေအနေ၊ ဒုတိယသမ္မတလောင်းအဖြစ် ဘိုင်ဒင်ကို အိုဘားမား ရွေးချယ်၊ လေဆာကုထုံးသစ်ဖြင့် သွားပေါက်ဖာ၊ သွားနုတ်ခြင်း ပြုလုပ်လိုလျှင်၊ "တစ်ရက်တည်း၊ တစ်နေရာစီ၌ ဆယ်ကျော်သက်နှစ်ဦး အသတ်ခံရမှု" မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့ကဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေး၊ နည်းပညာကဏ္ဍ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

အင်းလေးကန်သည် မြန်မာ့သာမက ကမ္ဘာတွင်ပါထင်ရှား မိုင်၂၀ ဝန်းကျင်စိမ်းလန်းစိုပြည်ရေး စီမံချက်ချလုပ်ကိုင်

ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းသည် ဒေသတွင်းနှင့်နိုင်ငံအတွက်ပါ အကျိုးပြုသည့်အတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဩဂုတ်၂၄ရက် နံနက်ပိုင်းက ပင်လုံရိပ်သာကြီး၌ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆) ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့်အဖွဲ့အား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အတူ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(တောင်ပိုင်း)ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က ဒေသဖွံ့ဖြိုးမှုများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးပြောကြားသည်။ ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က စာရေးကိရိယာ၊ ဆေးဝါးနှင့်အားကစားပစ္စည်းများပေးအပ်ရာ တိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီက လက်ခံယူသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် အေးသာယာစက်မှုဇုန်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အေးသာယာစက်မှုဇုန်ရှိ သံရည်ကျိုစက်ရုံသို့ရောက်ရှိကာ စက်ရုံရှင်းလင်းဆောင်၌ တောင်ကြီးအေးသာယာစက်မှုဇုန်မှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့သည် သံရည်ကျိုစက်ရုံအတွင်း သံထုတ်လုပ်မှုလုပ်ငန်းအခြေအနေ၊ Myanmar CP Live Stock Co.,Ltd. ၏ ကြက်စာစက်ရုံအတွင်း ကြက်စာထုတ်လုပ်မှုအခြေအနေ၊ မိုင်းတုံ မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံရှိ ဂျစ်ကားများနှင့် Light Truck မော်တော်ယာဉ်များ ထုတ်လုပ်မှု အဆင့်ဆင့်နှင့် ရောင်းတန်းဝင်ကားများ ပြသထားမှုအခြေအနေ၊ အောင်မြတ်ကုမ္ပဏီလီမိတက်၏ သကြားစက်ရုံအတွင်း (E-99) ဓာတ်ဆီအစားထိုး ဇီဝအီသနောစက်သုံးဆီထုတ်လုပ်ပုံအဆင့်ဆင့် ခင်းကျင်းပြသထားမှုနှင့် (E-99)ဇီဝအီသနောဖြင့် မီးစက်နှင့်မော်တော်ဆိုင်ကယ်များ စမ်းသပ်မောင်းနှင်မှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

တက်ရောက်

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ညောင်ရွှေမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် အင်းလေးကန်နှင့် မိုင်၂၀ ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်တော၊ ရေ၊ မြေ၊ သားငှက်၊ တိရစ္ဆာန် ကာကွယ်ထိန်းသိမ်းရေး စီမံကိန်း၊ ပြည်နယ်နှင့် မြို့နယ်စီမံကိန်းလုပ်ငန်း ကြီးကြပ်မှုကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၄/၂၀၀၈) သို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် တာဝန်ရှိသူများက သဘာဝတောများ ထိန်းသိမ်းခြင်းဖြင့် ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောဖွဲ့စည်းခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း၊ ဒေသအစုအဖွဲ့အလိုက် သစ်တောတည်ထောင်ခြင်းလုပ်ငန်းများ၊ သစ်တောစိုက်ခင်း တည်ထောင်ခြင်းဖြင့် ကမ်းပါးပြိုထိန်းသိမ်းရေးစိုက်ခင်း၊ လေကာတန်းစိုက်ခင်း၊ သီးနှံသစ်တောရောနှောစိုက်ခင်းဆောင်ရွက်မှုလုပ်ငန်းများနှင့် ကမ်းပါးပြိုထိန်းသိမ်းခြင်းဖြင့် ကွန်တိုကန်သင်းကန့်ဖော်ထုတ်ခြင်း၊ ရေလွှဲမြောင်းတူးဖော်ခြင်း၊ နုန်းထိန်းတမံငယ်များတည်ဆောက်ခြင်း၊ ကမ်းပါးပြိုဘေးနှုတ်ခမ်းတည်တံ့စေခြင်းလုပ်ငန်းများ၏ ၂၀၀၅-၂၀၀၆ခုနှစ်မှ ၂၀၀၉-၂၀၁၀ခုနှစ်အထိ ဒုတိယငါးနှစ် စီမံကိန်းကာလအတွင်း ဆောင်ရွက်မည့်လုပ်ငန်းလျာထားချက်များနှင့် ၂၀၀၈-၂၀၀၉ခုနှစ်အတွင်း ၂၀၀၈ခုနှစ် ဇူလိုင်လကုန်အထိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်စီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် အင်းလေးကန်သည် တောင်ပေါ်ဒေသတွင်ရှိပြီး မြန်မာတွင်သာမက ကမ္ဘာတွင်ပါထင်ရှားသည့် သဘာဝကန်ကြီးတစ်ကန်ဖြစ်ကြောင်း၊ ဖောင်တော်ဦးဘုရားကိုဗဟိုပြု၍ မိုင်၂၀ ဝန်းကျင်စိမ်းလန်းစိုပြည်ရေးစီမံချက်ချပြီး လုပ်ကိုင်ဆောင်ရွက်ရာမှာ မိမိတို့ဒေသ၏ လုပ်ငန်းကိစ္စဟု မသတ်မှတ်ဘဲ အမျိုးသားရေး လုပ်ငန်းအဖြစ် ဝိုင်းဝန်းထိန်းသိမ်း လုပ်ကိုင်ဆောင်ရွက်သွားကြရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာတွင် ဥတုရာသီတောကိုမှီ၏ဟု ဆောင်ပုဒ်ရှိသည့်အတိုင်း သစ်တောဦးစီးဌာနက ဦးဆောင်၍ ဌာနဆိုင်ရာများနှင့်လည်း ဝိုင်းဝန်းဆောင်ရွက်ကြရန်၊ ပြည်နယ်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များကလည်း ဌာနဆိုင်ရာများအား ပံ့ပိုးကူညီဆောင်ရွက်သွားကြရန်၊ နုန်းဖို့ခြင်းကိစ္စတွင် ပတ်ဝန်းကျင်ရှိခြံများက သစ်ပင်များခုတ်လဲမှုကြောင့် နုန်းပို့ရခြင်းဖြစ်သဖြင့် အင်းလေးကန် ပတ်ဝန်းကျင်တွင်စိုက်ပျိုးရေးခြံများ ထပ်မံတိုးချဲ့စိုက်ပျိုးခြင်း မပြုလုပ်စေရန်၊ မြေစာရင်းဌာနမှလည်း မှတ်တမ်းမှတ်ရာ စာရင်းဇယားများဖြင့် ထိန်းသိမ်းထားရန်၊ ကန်အတွင်းရှိ ဗေဒါပင်များကို အကျိုးရှိရှိ အသုံးချရန်၊ ယင်းဗေဒါပင်များမှ ကုန်ထုတ်ပစ္စည်းများ ပြုလုပ်သွားရန်၊ ကျွန်းမျောများကိုလည်း ထပ်မံတိုးချဲ့ခြင်းများ မပြုလုပ်စေလိုဘဲ တိုးပွားလာသည့် လူဦးရေအတွက် မြေနေရာများသတ်မှတ်ပေးရန်၊ မြေဆီမြေနှစ်များ ထိန်းသိမ်းနိုင်ရေးအတွက် ကန်အတွင်းသို့ စီးဝင်သည့် ဘီလူးချောင်း အပါအဝင် ချောင်းများ၏ အဝေးဆုံးနေရာမှစ၍ မြေဆီထိန်းပင်များ စိုက်ပျိုးပေးရန်၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများသည် ဒေသနေပြည်သူများကို အန္တရာယ်ဖြစ်စေနိုင်သဖြင့် သဘာဝမြေဩဇာကိုသာသုံးစွဲရန်၊ ယင်းလုပ်ငန်းဆိုင်ရာများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လုပ်ကိုင်ဆောင်ရွက်သွားကြရန်၊ ကမ္ဘာလှည့်ခရီးသွားများ အများဆုံးလာရောက်လည်ပတ်သည့် ဒေသဖြစ်သည့်အတွက် ရေရှည်အကျိုးကိုမျှော်ကိုးပြီး လုပ်ကိုင်ဆောင်ရွက်သွားကြရန်၊ ယင်းသို့ ပတ်ဝန်းကျင်ဒေသများ ထိန်းသိမ်းပေးခြင်းသည် ဒေသတွင်းနှင့် နိုင်ငံအတွက်ပါ အကျိုးပြုသည့်အတွက် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရန် စသည်ဖြင့်မှာကြားသည်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းသုံးသောင်းကို အမှတ် ၅၇ သာယာဝတီလမ်း ကမာရွတ်မြို့နယ်နေ ဦးကြီးစိန်၊ ဒေါ်ရှူတင်မိသားစုက ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ဥတုရာသီ တောကိုမှီ၏

မြိတ်မြို့နယ်၌ ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းဖွင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၆

တနင်္သာရီတိုင်း ကျန်းမာရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ကြီးမှူးကျင်းပသော ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းဖွင့်ပွဲအခမ်းအနားနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၁၅ရက် နံနက် ၁၀နာရီက မြိတ်မြို့ မြစ်ငယ်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌတိုင်းမှူး၏ ဇနီးဒေါ်ခင်သန်းဌေးနှင့် ဒုတိယတိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ခင်လှိုင်ဝေတို့က ကျောင်းကျန်းမာရေးအဆင့်မြင့်ကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ထူးချွန်ကျောင်းသား ကျောင်းသူများက ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်း ဆိုင်းဘုတ်အား ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

ဆက်လက်၍ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး တနင်္သာရီတိုင်း ပညာရေးမှူး ဦးခင်အောင်က ကျောင်းကျန်းမာရေး သီတင်းပတ်တွင် ပညာရေးဌာန၊ ကျန်းမာရေးဌာနနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆုပေးအပ်ချီးမြှင့်

ထို့နောက်အခြေခံပညာအဆင့် ကျောင်းကျန်းမာရေး စံပြကျောင်းဆုရရှိသော ကျောင်းများကို တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီးဒေါ်ခင်သန်းဌေးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ် ချီးမြှင့်ကြပြီး မြစ်ငယ်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းအတွက် သန့်ရှင်းရေးပစ္စည်းများကို တိုင်းမှူး၏ဇနီးက ပေးအပ်လှူဒါန်းသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ကျောင်းကျန်းမာရေး ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အာဟာရတိုက်ကျွေးနေမှုများ၊ မာလ်တီမီဒီယာခန်းများတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးကာ ကျောင်းအတွက်လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဝ၄၃)

ရန်ကုန် တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ကံကြီး/မကျီးရပ်ကွက်အတွင်းရှိ တိလောကမှန်ကူသွန်းဘုရားကြီးတန်ဆောင်းတွင် တောင်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဦး ဦးဆောင်သောအဖွဲ့က ရေစိုပျက်စီးသွားသော အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးစဉ်။ (ခရိုင်လဝက)

မြန်မာမှု အနုလက်ရာများဖြင့် ရသစုံခံစားစေနိုင်မည့် လှိုင်မြို့နယ် အနုရသပန်းချီပြပွဲသို့ တစ်ခေါက်

အနုပညာသတင်း - မိုးမြင့်လင်းလက် — ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း) — စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် ဩဂုတ် ၂၆

အနုပညာကိုအခြေခံပြီး ရေးဆွဲထားသည့် ပန်းချီကားတစ်ချပ်နှင့် အတတ်ပညာအခြေခံပြီး ရေးဆွဲထားသော ပန်းချီကားတစ်ချပ်မှာ တူညီသောခံစားမှုကို ပေးစွမ်းပုံ မတူချေ။ အနုပညာကို အခြေခံပြီး ရေးဆွဲထားသော ပန်းချီကားမှာ ခံစားမှု ရသပါသဖြင့် ကြည့်သူရင်ကို လှုပ်ခတ်နိုင်စွမ်းရှိလေသည်။ အနုပညာသည် ခံစားမှုပါမှသာ ရသမြောက်မည်ဖြစ်သည်။

ခင်းကျင်းပြသ

အနုပညာရသမြောက်သောပန်းချီကားများချည်း စုစည်းပြသထားသည့် **'လှိုင်မြို့နယ် အနုရသ ပန်းချီပြပွဲ'** ဟု အမည်ပေးထားသော ပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို) ပြခန်း၌ ဩဂုတ်၂၆ရက်မှ စက်တင်ဘာ၂ရက်အထိ ခင်းကျင်းပြသလျက်ရှိသည်။

ရန်ကုန်မြို့ လှိုင်မြို့နယ်မှ ပန်းချီဆရာ ၁၄ဦးနှင့် ပန်းချီဆရာမတစ်ဦးတို့၏ ပန်းချီကားပေါင်း ၁၁၁ ကားကို ခင်းကျင်းပြသထားသည်မှာမြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည်။ ပြခန်းအတွင်း အရွယ်စုံ၊ ဆိုက်စုံ ပန်းချီကားများကြောင့် ကြည့်ရှုသူ၏ စိတ်အာရုံကို အပြောင်းအလဲသဖွယ်ဖြစ်ပေါ်စေသည်။

ဖော်ကျူးရေးဆွဲ

ပြခန်းအတွင်း ခင်းကျင်းပြသထားသော ပန်းချီကားများအနက် ပန်းချီဆရာမ ဒေါက်တာခင်မေကြည်၏ **'မြန်မာမှု အနုလက်ရာ၊ ရွှေကျောင်းမှာ'** ဟု အမည်ပေးထားသော ဆီဆေးပန်းချီကားကို လေ့လာမိသည်။ မန္တလေးမြို့ ရွှေအင်ပင်ကျောင်း၏အရှေ့ဘက်ခြမ်းမြင်ကွင်းပုံဖြစ်သည်။ နံနက်ခင်း အလင်းရောင်က ရွှေအင်ပင်ဘုန်းတော်ကြီးကျောင်း တိုင်လုံးအပေါ် ကျရောက်နေပုံကို အမိအရ ဖော်ကျူးရေးဆွဲထားခြင်း ဖြစ်သည်။ အနွေးရောင်အုပ်စုကို အခြေခံကာ လိမ္မော်၊ အညို၊ ကောင်းကင်အပြာရောင်တို့ဖြင့် စုဖွဲ့ထားသည်မှာ ကျွန်းတိုင်၏ ပကတိအနေအထားအတိုင်း ပေါ်လွင်လျက်ရှိသည်။ စုတ်ချက်များ သပ်ရပ်လွန်းသဖြင့် ကျွန်းတိုင်ပေါ်မှ အရေးကြောင်းလေးကို အတိုင်းသား မြင်တွေ့ရသည်အထိ လက်ရာမြောက်လေသည်။

> **ပန်းချီ ကျော်ရှိန်၏ 'ချင်းမိသားစု' ဟု အမည်ပေးထားသော ပန်းချီကားက အသက်ဝင်လှသည်။**

နောက်ထပ် စိတ်ဝင်စားစရာကောင်းသည့် ပန်းချီကားမှာ ကျော်ရှိန်၏ **'ချင်းမိသားစု'** ဟု အမည်ပေးထားသော ပန်းချီကား ဖြစ်သည်။ အခရိုင်းလစ်နှင့် ရေးဆွဲထားခြင်းဖြစ်ရာ အရောင်အသွေး တည်ငြိမ်လျက်ရှိသည်။ မင်းတပ်မြို့အစွန်ရှိ ချင်းသားအမိ ဆန်ထောင်းနေပုံ ဖြစ်သည်။ နံနက်ခင်းအလင်းရောင်က အိမ်ရှေ့နှင့် ဆန်ထောင်းနေသော ချင်းသားအမိအပေါ် ရိုက်ခတ်နေပုံမှာ သဘာဝကျလှသည်။ အနိမ့်ရှုထောင့်မှ ထူးခြားသော ပုံသဏ္ဌာန်ရှိသည့် မြေစိုက်သစ်သားခုံကြီးကိုလည်း ပေါ်လွင်အောင် ပုံဖော်ထားရာ မြေဝါရောင်နှင့် နောက်ခံ ကောင်းကင်ပြာတို့ကြောင့် ဆန်ထောင်းနေသော ချင်းသားအမိ၏ မြင်ကွင်းမှာ အသက်ဝင်လျက်ရှိသည်။



> 'မြန်မာမှု အနုလက်ရာ ရွှေကျောင်းမှာ' **ဟု အမည်ပေးထားသည့် ပန်းချီဆရာမ ဒေါက်တာခင်မေကြည်၏ ပန်းချီကားကို အနုစိတ် လေ့လာနိုင်သည်။**

ခြယ်မှုန်းထား

'အိုးဈေး' ဟု အမည်ပေးထားသော အခရိုင်းလစ်နှင့် ရေးဆွဲထားသည့် ပန်းချီကားမှာ ပန်းချီဆရာ သက်မော်၏ လက်ရာ ဖြစ်သည်။ ရှမ်းပြည်နယ် တစ်နေရာမှ အိုးဆိုင်တစ်ခု၏ မြင်ကွင်းဖြစ်သည်။ အိုးဆိုင်အတွင်း အိုးများကို ရွေးချယ်နေသော

ပအိုးဝ် သားအမိနှစ်ဦးအား နံနက်ခင်းအလင်းရောင် ရိုက်ခတ်နေပုံကို အဝါ၊ လိမ္မော် စသည့် အပူရောင်အုပ်စုဖြင့် အလင်း၊ အမှောင်၊ အရောင်တွေကို ပြတ်ပြတ်သားသား ဖော်ပြထားသည်မှာ ရှုမငြီးစရာ ဖြစ်သည်။ နံနက်ခင်း အားကောင်းစ နေအလင်းရောင်က အိုးများပေါ် ဖြာကျနေပုံကိုလည်း အဝါရောင်ကို လိုသလောက် သုံးပြီး ရိုက်ခတ်မှုဖြစ်အောင် ခြယ်မှုန်းထားသည်မှာ ကြည့်ရှုသူကိုယ်တိုင် နေအလင်းရောင် ရိုက်ခတ်နေသလို ခံစားနေရသည်။

> **ပန်းချီလှဟန်၏** 'ရေကြည်တစ်ပေါက်' **ဟု အမည်ပေးထားသော ဆီဆေး ပန်းချီကားမှာလည်း အပိုအလိုမရှိ မြင်တွေ့ရသည်။**

ပန်းချီလှဟန်၏ **'ရေကြည်တစ်ပေါက်'** ဟုအမည်ပေးထားသောဆီဆေးပန်းချီကားမှာ အမျိုးသမီးငယ်လေးတစ်ဦး ကမ်းစပ်၌ မြေအိုးနှင့် ရေခပ်နေပုံဖြစ်သည်။ အပေါ်စီးမြင်ကွင်းမှနေ၍ စိတ်ကြိုက် ရေးဆွဲထားခြင်းဖြစ်ရာ ညနေခင်းရေပြင်၌ ကျရောက်နေသော အလင်းရောင်၊ ရေပြင်တွင် လှုပ်ရှားနေသော ရေလှိုင်းလေးများ၊ အဝါ၊ အနီနှင့် လိမ္မော်ရောင်တို့ ပေါင်းစပ်ခြယ်မှုန်းထားရာ သောက်သုံးရေ၏ တန်ဖိုးကြီးမားမှုကို သတိပြုမိစရာ ဖြစ်စေသည်။ ဆီဆေးကို အပိုအလိုမရှိ ကွက်တိအသုံးပြုနိုင်သဖြင့် ပုံကောင်းတစ်ခုအဖြစ် မြင်တွေ့ခဲ့ရသည်။

အနုပညာရသမြောက်

ထို့ကြောင့် ကြည့်သူ ရင်ကို တသိမ့်သိမ့်ခံစားရမည့် အနုပညာရသမြောက်သော ပန်းချီကားသန့်သန့်များကို တစုတဝေးတည်း မြင်တွေ့ခံစားရမည့် လှိုင်မြို့နယ် အနုရသ ပန်းချီပြပွဲသို့ ပန်းချီ အနုပညာ ချစ်မြတ်နိုးသူများ သွားရောက်လေ့လာသင့်ပါကြောင်း ပန်းချီ အနုပညာသတင်းကောင်းအဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

အိန္ဒိယမြောက်ပိုင်း၌ရေလွှမ်း လူ ၄၀ သေဆုံး၊ နေအိမ် ၈၀၀ ခန့် ရေနစ်မြုပ်

နယူးဒေလီ ဩဂုတ် ၂၆

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဘီဟာပြည်နယ်၌ ဩဂုတ် ၂၆ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများ ဆိုးရွားစွာဖြစ်ပေါ်ခဲ့ရာ ဒေသခံ ၄၀ ခန့် သေဆုံးခဲ့ပြီး နေအိမ်အများအပြား ရေနစ်မြုပ်ခဲ့ကြောင်း **(အပေါ်ပုံ)**အိန္ဒိယနိုင်ငံ သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

နစ်မြုပ်

ရေလွှမ်းမှုဒဏ်ခံရသော နေရာများမှာ ဘီဟာပြည်နယ်အတွင်း ခရိုင်သုံးခရိုင်တွင်ဖြစ်ပြီး မြစ်ရေများ လျှံတက်မှုကြောင့် အနီးဝန်းကျင် ကျေးရွာများ၌ နေအိမ်များ ရေနစ်မြုပ်ခဲ့ရခြင်းဖြစ်သည်။ ရေလွှမ်းခံရသည့် ခရိုင်များမှာ ဆူပူရယ်၊ အရာရီးရာနှင့် မာဟီပူရာခရိုင်များတွင်ဖြစ်ကြောင်း၊ စုစုပေါင်းနေအိမ် ၈၀၀ ခန့် ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

ဗြိတိန်နိုင်ငံတောင်ပိုင်း ချီဖို့၌ လေပြင်းများတိုက်ခတ် နေအိမ်နှင့် သစ်ပင်များ ပြိုလဲပျက်စီး

ချီဖို့ ဩဂုတ် ၂၆

ဗြိတိန်နိုင်ငံတောင်ပိုင်း ချီဖို့မြို့တွင် ဩဂုတ် ၂၆ရက်က လေပြင်းမုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်နှင့် သစ်ပင်များ ပြိုလဲကာ ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း ဗြိတိသျှအရာရှိများက ပြောကြားသည်။

ပျက်စီး

ထိုသို့ လေပြင်းများတိုက်ခတ်မှုကြောင့် ကိုင်ကောရာမြို့တွင် သစ်ပင်များ ပြိုလဲကာ လမ်းများပိတ်ဆို့ပြီး သွားလာရေးပြတ်တောက်လျက်ရှိကြောင်း၊ မော်တော်ယာဉ်အချို့ ပျက်စီးခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှား ဂျာဗားကျွန်းကမ်းလွန်၌ ငလျင်လှုပ် ဆူနာမီသတိပေးချက် ထုတ်ပြန်

ဂျကာတာ ဩဂုတ် ၂၆

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းကမ်းလွန်တွင် ဩဂုတ် ၂၆ရက် ဒေသစံတော်ချိန် နံနက် ၁၀နာရီ ၀၇မိနစ်က ရစ်ချ်တာစကေး ၆ဒသမ ၆ ရှိ အင်အားပြင်းငလျင် လှုပ်သွားခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ထုတ်ပြန်

အဆိုပါငလျင်သည် အနောက်ဂျာဗားကျွန်း အူဂျန်ကူလွန်မြို့အနောက်မြောက်ဘက် ၇၅မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုလှုပ်သွားခြင်းဖြစ်ပြီး ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခဲ့ရကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

သေဆုံးမှုမရှိ

၎င်းငလျင်လှုပ်မှုကြောင့် လန်ပွန်ပြည်နယ် ကိုတာမြို့တွင် နေအိမ်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားကြောင်း၊ အဆောက်အအုံအချို့ ပျက်စီးသွားသော်လည်း လူသေဆုံးမှုမရှိခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

● *ကျောဖုံးမှ*

ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စတင်တည်ဆောက်

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက အမှာစကား ပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် မြောင်းချောင်းတံတားကို ၂၀၀၇ ခုနှစ် ဇူလိုင်၂၅ရက်တွင် စတင်တည်ဆောက်ပေးခဲ့ကြောင်း။

လွယ်ကူချောမွေ့

ယခင်က ဂန့်ဂေါ-ကလေး ခရီးသွားလာရေးတွင် ယာဉ်ငယ်များသာ သွားလာနိုင်သော ယာယီတံတားသာရှိခဲ့ကြောင်း၊ မိုးတွင်းကာလများတွင် ချောင်းရေကြီးမှုများကြောင့် ခရီးသွားလာရေးတွင် အချိန်ကြန့်ကြာမှုများ၊ အဆင်မပြေမှုများ ဖြစ်ပေါ်ခဲ့ကြရကြောင်း၊ ယခု မြောင်းချောင်းတံတား တည်ဆောက်ပြီးသွားသည့်အတွက် ရာသီမရွေး၊ အချိန်မရွေးဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ပြီး ဒေသခံ မိဘပြည်သူများသည် လွယ်ကူချောမွေ့စွာ ခရီးသွားလာနိုင်တော့မည်ဖြစ်ကြောင်း။

တိုးတက်ဖြစ်ထွန်း

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအသီးသီး၏ လက်တွေ့တိုးတက်ဖြစ်ထွန်းလာမှု အခြေအနေကိုကြည့်မည်ဆိုလျှင် ၁၉၈၈ခုနှစ်မတိုင်မီက အထင်ကရ မြစ်ကူးတံတားကြီးဟူ၍ ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတားနှင့် စစ်တောင်းမြစ်ကူး စစ်တောင်းတံတားတို့သာရှိခဲ့ရာမှ ယခုဆိုလျှင် ဧရာဝတီမြစ်ကူးတံတား ရှစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတား နှစ်စင်း၊ သံလွင်မြစ်ကူးတံတား ငါးစင်း၊ စစ်တောင်းမြစ်ကူးတံတားတစ်စင်းတည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုဖွင့်လှစ်သည့် မြောင်းချောင်းတံတားအပါအဝင် တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ အထက်မြစ်ကူး၊ ချောင်းကူးတံတားပေါင်း ၂၃၆စင်း ရှိလာခဲ့ပြီဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းအတွင်း တံတားများအနေဖြင့် ၁၉၈၈ခုနှစ် မတိုင်မီက ပေ ၁၈၀ အထက်တံတား ၂၂ စင်း၊ ပေ ၁၈၀ အောက် တံတား ၃၃၀၁ စင်း ရှိခဲ့ရာ ၁၉၈၈ ခုနှစ်နောက်ပိုင်း ယနေ့အထိ ပေ ၁၈၀အထက် တံတား ၃၆စင်း၊ ပေ၁၈၀အောက်တံတား ၃၇၁၉ စင်းရှိလာပြီဖြစ်ကြောင်း၊ တိုးတက်မှုအနေဖြင့် ပေ၁၈၀အထက် တံတား ၁၄ စင်း၊ ပေ ၁၈၀အောက် တံတား၄၁၈စင်းရှိကြောင်း၊ ယခုတည်ဆောက်ပြီးစီးသည့် မြောင်းချောင်းတံတားသည် စစ်ကိုင်းတိုင်းအတွင်း ၁၉၈၈ခုနှစ်နောက်ပိုင်း ပြည်သူ့ဆောက်လုပ်ရေးက တာဝန်ယူတည်ဆောက်ခဲ့သည့် ပေ ၁၈၀ အထက် တံတားများအနက် ၁၅ စင်းမြောက်တံတားဖြစ်ကြောင်း၊ တည်ဆောက်ဆဲတံတားများမှာ ဖောင်ကူးတံတား(ကလေး)၊ ခန္တီး-လဟယ်လမ်းကြောင်းပေါ်ရှိ နန့်စလိန်ကြိုးတံတားနှင့် ပုသိမ်-မုံရွာလမ်းပေါ်ရှိ မြောက်ယမားချောင်းတံတားတို့ဖြစ်ကြောင်း။

အချိန်တို

ယခုမြောင်းချောင်းတံတား တည်ဆောက်ပြီးစီးခြင်းကြောင့် မန္တလေး-မုံရွာ-ဂန့်ဂေါ-ကလေးလမ်းအတိုင်းနှင့် တံတားမှဖြတ်ပြီး ချင်းပြည်နယ်မြောက်ပိုင်းနှင့် တမူးမြို့သို့ အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည့်အတွက် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်

ကလေးမြို့နယ်အနေဖြင့် စိုက်ပျိုးဧက ၁၄၈၅၉၄ဧကမှ ထွက်ရှိသည့် ဆန်စပါး၊ ဆောင်းသီးနှံနှင့် ဒေသထွက်ပစ္စည်းမျိုးစုံကို အခြားဒေသများသို့ ဤတံတားမှဖြတ်သန်း၍ အလွယ်တကူ သယ်ပို့ရောင်းချနိုင်ခြင်း၊ စိုက်ပျိုးနည်းပညာများရရှိခြင်းတို့ကြောင့် ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်မှာ မုချဧကန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ကလေးတပ်နယ်မှူး ဗိုလ်မှူးကြီးအောင်ဆန်းချစ်တို့က မြောင်းချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖြတ်သန်းကြည့်ရှု

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ကလေးတပ်နယ်မှူး ဗိုလ်မှူးကြီးအောင်ဆန်းချစ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

မြောင်းချောင်းတံတားသည် အပေါ်ပိုင်းနှစ်လွှာတစ်ထပ် ဘေလီသံပေါင်၊ သစ်သားကြမ်းခင်း R.P.T သံပေါင်နှင့် သံကူကွန်ကရစ် ကြမ်းခင်းဖြစ်၍ အောက်ခြေပိုင်းတွင် ရေတွင်းခွေ အုတ်မြစ်အမျိုးအစားဖြစ်ပြီး တံတားအရှည် ၁၈၆ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၂ပေရှိကာ ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်း တန် ၂၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် အားကစားဝါသနာရှင်များ ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲတွင် သတ်မှတ်ဘောလုံးအားကစားကွင်းများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ နေပြည်တော် အမှတ်(၁) ဘောလုံးအားကစားပြိုင်ကွင်း၌ (ခခ)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာနဘောလုံးအသင်းက ယဉ်ကျေးမှုဝန်ကြီးဌာန ဘောလုံးအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ (ခခ)အုပ်စုမှ အားကစားဝန်ကြီးဌာန ဘောလုံးအသင်းက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဘောလုံးအသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်ယှဉ်ပြိုင်

ဩဂုတ် ၂၇ ရက်**(ယနေ့)**တွင် နေပြည်တော် အမှတ်(၁)ဘောလုံးအားကစားပြိုင်ကွင်း၌ (ဂဂ)အုပ်စုမှ သာသနာရေးဝန်ကြီးဌာနဘောလုံးအသင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်း၊ နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ (ဂဂ)အုပ်စုမှ ကာကွယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဘောလုံးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

"၂၀၀၈ ပေကျင်းအိုလံပစ် အားကစားပွဲများနဲ့ ပေကျင်းမြို့ရှိဖွံ့ဖြိုးတိုးတက်မှုများကို စိတ်ဝင်စားစွာ လာရောက် လေ့လာကြတဲ့အတွက်ကျေးဇူးတင်ပါတယ်"

မစ္စတာကျူယန်ဟွာ ဘီအိုင်အမ်စီမှ တာဝန်ရှိသူ **(မြန်မာ့အလင်း)**

■ *ကျောဖုံးမှ*

မိမိတို့ သတင်းပြန်ကြားရေး ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၂ရက်တွင် ပေကျင်းမြို့မှ မော်တော်ယာဉ်များဖြင့် တီယန်ကျင်းမြို့သို့ သွားရောက် လေ့လာခွင့် ရခဲ့ကြသည်။ တီယန်ကျင်းမြို့ အိုလံပစ် Cultune ဈေးသို့ လေ့လာရေး သွားရောက်သည့်အခါ ဈေးမုခ်ဦးအဝင်သို့ ဝင်လိုက်သည်နှင့် သာယာအေးမြသော သံပြိုင်တီးခတ်မှု၊ ရိုးရာယဉ်ကျေးမှု သီဆိုဖျော်ဖြေပွဲများ၊ လှပသော လက်ရာမြောက် ပန်းအိုးကြီးများ၊ ရိုးရာပစ္စည်းများ၊ နိုင်ငံတကာမှ ကမ္ဘာလှည့် ခရီးသွားများဖြင့် စည်ကားများပြားစွာ တွေ့လိုက်ရသည်။ ဈေးအတွင်း၌ တရုတ်ရိုးရာ အသုံးအဆောင်ပစ္စည်းများ၊ ပေကျင်းအိုလံပစ်ပွဲတော် အထိမ်းအမှတ် လက်ဆောင် ပစ္စည်းများ စုံလင်စွာ ရောင်းချလျက်ရှိသည်။

ထိုမှဆက်လက်၍ မိမိတို့အဖွဲ့သည် တီယန်ကျင်းမြို့ရှိ အိုလံပစ် အားကစားပြိုင်ပွဲများ ကျင်းပသည့် အားကစားကွင်း အဆောက်အအုံများကို သွားရောက် လေ့လာခဲ့ကြသည်။ ယင်းအားကစားကွင်း အဆောက်အအုံများသို့သွားရောက်ရာ လမ်းတစ်လျှောက် တွေ့ရသည်များမှာ ဗိသုကာလက်ရာမြောက်စွာ တည်ဆောက်ထားသော မိုးမျှော်တိုက်တာများ နေရာအနှံ့၌ တွေ့မြင်ရသည်။

ဆွဲဆောင်မှု

မြို့တော် တီယန်ကျင်းသည် ကုန်တိုက်ကြီးများ၊ ကုမ္ပဏီကြီးများ အစီအရီဖြင့် ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်မှု အပြည့်အဝရှိနေလေပြီ။ တီယန်ကျင်းမြို့၏ ရာသီဥတုမှာ အေးမြသော ရာသီဥတုမျိုးဖြစ်သည်။ လမ်းများမှာလည်း ကျယ်ဝန်းပြီး ချောမွေ့နေသည်။ မောင်းနှင် သွားလာနေသည့် ဘတ်စ်ကားများ၊ အငှားယာဉ်များနှင့် ကိုယ်ပိုင်ယာဉ်များမှာလည်း တောက်ပြောင် လှပကာ မီးခိုးလုံးဝမထွက်သည့်ယာဉ်များဖြစ်သည်။ ယင်းမြို့သည် အပြည်ပြည်ဆိုင်ရာ ပြည်ပကုန်သေတ္တာများ ပို့ဆောင်ပေးနိုင်သည့်မြို့လည်းဖြစ်သည်။ တီယန်ကျင်းမြို့သည် တရုတ်နိုင်ငံ၏အကောင်းဆုံး ခရီးသွား မြို့ကြီးများအနက် တစ်မြို့အပါအဝင်ဖြစ်ပြီးပင်လယ်ဆိပ်ကမ်းနှင့် သဘာဝမြင်ကွင်း အလှများ တွေ့မြင်ခဲ့ရသည်။

တီယန်ကျင်းမြို့ ဟိုင်းဟီး ကမ်းခြေအလှမြင်ကွင်း။ (မြန်မာ့အလင်း)

မြန်မာ့သတင်းကိုယ်စားလှယ်နှင့် အာဆီယံနိုင်ငံများမှ သတင်းပြန်ကြားရေး ကိုယ်စားလှယ်များ အိုလံပစ်အားကစားပွဲအောင်မြင်မှုနှင့် ပတ်သက်၍ ဤသို့တွေ့ဆုံမေးမြန်းခဲ့ကြသည်။ (မြန်မာ့အလင်း)

ဝမ်းမြောက်

မိမိတို့ သတင်းပြန်ကြားရေး ကိုယ်စားလှယ်အဖွဲ့အား တာဝန်ယူလိုက်လံပို့ဆောင်ပေးသည့် ခရီးသွားလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူ မစ္စတာကျူယန်ဟွာနှင့် တွေ့ဆုံမေးမြန်းသည့်အခါ ယင်းအဖွဲ့က ယခုကဲ့သို့ စီစဉ်ပေးရတဲ့ အာဆီယံနိုင်ငံများမှ သတင်းကိုယ်စားလှယ်အဖွဲ့များအား ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ယခုကဲ့သို့ ၂၀၀၈ ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲများနဲ့ ပေကျင်းမြို့ရှိ ဖွံ့ဖြိုးတိုးတက်မှုများကို စိတ်ဝင်စားစွာ လေ့လာကြသည့်အတွက်အထူးကျေးဇူးတင်ပါကြောင်း၊ ပေကျင်း အိုလံပစ် အားကစားပွဲတော်အောင်မြင်စွာကျင်းပနိုင်ခဲ့တဲ့အတွက်လည်း ဂုဏ်ယူမဆုံးဖြစ်မိပါကြောင်း" ဖြေကြားသွားခဲ့သည်။

စက်မှုလုပ်ငန်း

တီယန်ကျင်းမြို့၏ ခရီးသွားလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာဦးမည် ဖြစ်ပါကြောင်း ပေကျင်းအိုလံပစ်ခရီးစဉ်လေ့လာရေး ဆောင်းပါးအဖြစ် ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တီယန်ကျင်းမြို့ရှိ မိုးမျှော်အဆောက်အအုံများကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

သန့်ရှင်းသောသောက်သုံးရေရရှိရေး နည်းလမ်းနှစ်သွယ်

မောင်ဆွေဝင်း (ပဲခူး)

မြန်မာတို့၏ဆိုရိုးစကားများထဲတွင် "**ထမင်းအသက် ခုနစ်ရက်၊ ရေအသက်တစ်မနက်**" ဟူ၍ရှိနေရာ ရေ၏ အရေးပါပုံကို အထူးဖော်ညွှန်းထားခြင်း ဖြစ်သည်။ လူသားတိုင်း သောက်သုံးနေသော ရေတွင်လည်း သန့်ရှင်းသော ရေဖြစ်ရန် ပို၍အရေးကြီးသည်။ ကမ္ဘာပေါ်တွင် ရေပေါများပါသည်။ သို့သော် သန့်ရှင်းသော သောက်သုံးရေကား ရှားပါးနေဆဲ ဖြစ်သည်။ ကမ္ဘာ့မျက်နှာပြင်တစ်ခုလုံး၏ အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၁၉၃သန်းအနက် ၁၃၉ သန်းခန့် နေရာကို ရေထုကြီးက ဖုံးလွှမ်းထားသည်။

> **ကမ္ဘာပေါ်တွင် ရေများက ရာခိုင်နှုန်းများစွာ ဖုံးလွှမ်းတည်ရှိနေသော်လည်း ကမ္ဘာ့ရေထု၏ ၉၇ ရာခိုင်နှုန်းမှာ ရေငန်များဖြစ်နေ၊ သုံးရာခိုင်နှုန်းသာ ရေချိုဖြစ်ပြီး နှစ်ရာခိုင်နှုန်းမှာ ကမ္ဘာပေါ်တွင် ရေခဲလွှမ်းဒေသ၊ တောင်တန်းများနှင့် ရေခဲမြစ်များဖြစ်ကြ။ ကမ္ဘာပေါ်တွင် ရေပေါသော်လည်း သန့်ရှင်းသော သောက်သုံးရေ နည်းပါးလွန်းကြောင်း တွေ့ရ။**

ကမ္ဘာ့မျက်နှာပြင်၏ ရာခိုင်နှုန်း၇၀ခန့်သည် ရေများဖြစ်သည်။ မိမိတို့ စားသောက်နေသော အစားအစာများတွင် ရေသည် ၈၅ရာခိုင်နှုန်းခန့် ပါဝင်နေသည်။ ထိုမျှမကသေးပါ။ လူတို့၏ ခန္ဓာကိုယ်တွင်လည်း ရေသည် ရာခိုင်နှုန်း၇၀ခန့် ပါဝင်လျက်ရှိသည်။

ထိုသို့ **ကမ္ဘာပေါ်တွင် ရေများက ရာခိုင်နှုန်းများစွာ ဖုံးလွှမ်းတည်ရှိနေသော်လည်း ကမ္ဘာ့ရေထု၏ ၉၇ရာခိုင်နှုန်းမှာ ရေငန်များ ဖြစ်နေသည်။ သုံးရာခိုင်နှုန်းသာ ရေချိုဖြစ်ပြီး နှစ်ရာခိုင်နှုန်းမှာ ကမ္ဘာပေါ်တွင် ရေခဲလွှမ်းဒေသ၊ တောင်တန်းများနှင့် ရေခဲမြစ်များ ဖြစ်ကြသည်။ ဤအချက်များကို လေ့လာခြင်းဖြင့် ကမ္ဘာပေါ်တွင် ရေပေါသော်လည်း သန့်ရှင်းသော သောက်သုံးရေ နည်းပါးလွန်းကြောင်း တွေ့ရမည်။ ယနေ့ကာလတွင် နည်းပညာသစ်များ အံ့မခန်း တိုးတက်ပြောင်းလဲနေပြီး လူဦးရေတိုးတက်မှုနှုန်းကလည်း မြန်ဆန်နေသည်။ စက်ရုံ၊ အလုပ်ရုံကြီးများလည်း တိုးတက် များပြားလာသည်။ ထိုအခါ လေထုသာမက ရေထုပါ ညစ်ညမ်းရလေတော့သည်။**

ရေထုညစ်ညမ်းလာသောအခါ သန့်ရှင်းသောသောက်သုံးရေပါ အခက်ကြုံရသည်။ **လူသားတို့အတွက် ရေကောင်းရေသန့် ဖူလုံစွာရရှိမှသာလျှင် ကျန်းမာရေးအတွက် စိတ်ချရမည်။** ရေကောင်းရေသန့်ဆိုသည်မှာ ၄င်းရေသည် အရောင်အဆင်း၊ အနံ့အရသာ မရှိစေရ။ အနည်များ မပါဝင်စေရ။ အဆိပ်အတောက်ဖြစ်စေသော ဓာတ်သတ္တုများ၊ ဓာတ်ဆားများ မပါဝင်စေရ။ မည်သည့် ရောဂါပိုးမွှားမျှ မပါဝင်စေရ။ ရေတွင်ပါဝင်ရမည့် ဓာတ်ပစ္စည်းများ၏ အချိုးအစားသည် PH_7 အချိုးအစားသာ ဖြစ်ရမည်ဖြစ်သည်။ ယနေ့ ကမ္ဘာ့လူသားအားလုံး သုံးစွဲနေကြသော ရေကိုအခြေခံ၍ အမျိုးအစားခွဲခြားကြည့်လျှင် မိုးရေ၊ မြစ်ရေ၊ ချောင်းရေ၊ ကန်ရေ၊ တွင်းရေနှင့် စိမ့်စမ်းရေများ ဖြစ်နေကြောင်း တွေ့ကြရမည်။

၁၉၇၇ခုနှစ်က အာဂျင်တီးနားနိုင်ငံတွင် ကမ္ဘာ့ကုလသမဂ္ဂရေညီလာခံ တစ်ရပ်ကျင်းပကာ ၁၉၈၁ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အထိ ၁၀နှစ်ကာလကို "**အပြည်ပြည်ဆိုင်ရာ သောက်သုံးရေနှင့် သန့်ရှင်းမှုဆယ်စုနှစ်**" အဖြစ် သတ်မှတ်ခဲ့ဖူးသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း သောက်သုံးရေ သန့်ရှင်းမှုစနစ်ကို နည်းလမ်းများစွာဖြင့် ဖော်ဆောင်ခဲ့ကြကြောင်း လေ့လာသိရှိရသည်။ လက်ရှိအခြေအနေတွင် မြန်မာ့လူဦးရေသည် ၅၅သန်းကျော်လာနေပြီဖြစ်သည့်အလျောက် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အဓိကနည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်နိုင်ကြလျှင် မသန့်ရှင်းသော သောက်သုံးရေသုံးစွဲမှုကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာမည့်ကျန်းမာရေး ဆိုးကျိုးများကို ရှောင်လွှဲနိုင်ကြမည်ဖြစ်ကြောင်း တင်ပြလိုပေသည်။

ပထမနည်းလမ်းတစ်သွယ်မှာ ကျေးလက်ဒေသများကို ဦးစားပေး၍ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများ ကျယ်ကျယ်ပြန့်ပြန့် တူးပြီးသုံးစွဲကြစေရန် ဖြစ်သည်။ ဤသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်ပိုင်းကို ချည်းအားကိုးမနေဘဲ စေတနာရှင်၊ အလှူရှင်များကပါ စက်ရေတွင်းတူးဖော်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။ နိုင်ငံတော်ပိုင်းအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များက ပြည်နယ်နှင့်တိုင်းအတွင်းရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ စက်ရေတွင်းတူးလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ်၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက်ပေ၄၀၀တစ်တွင်း စက်ပစ္စည်းစုံငွေကျပ် ၅၀၀၀၀၀၊ လေးလက်မစက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံငွေကျပ် ၅၀၀၀၀၀နှုန်းများဖြင့် လှူဒါန်းနိုင်ကြကြောင်းလည်း သိရသည်။

နောက်နည်းလမ်းတစ်သွယ်မှာ လူများစု ယနေ့တိုင် သုံးစွဲနေကြသော နည်းလမ်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်း သဘာဝက ပေးအပ်ထားသော မြစ်ရေ၊ ချောင်းရေ၊ ကန်ရေများမှ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးဖြစ်သည်။ မြစ်ရေ၊ ချောင်းရေတို့၏ သန့်ရှင်းမှု၊ မသန့်ရှင်းမှုသည် ၄င်းတို့၏ အကျယ်အဝန်း၊ ရေစီးနှုန်း၊ လူနှင့်တိရစ္ဆာန်တို့၏ ညစ်ညမ်းစေမှုအပေါ်တွင် မူတည်လျက်ရှိသည်။ ဤနေရာတွင် မိမိတို့ဒေသအလျောက် မလွှဲမရှောင်သာ၍ မြစ်ရေ၊ ချောင်းရေများကို အသုံးပြုရတော့မည်ဆိုလျှင် အောက်ဖော်ပြပါအချက်များကို ဂရုပြု လိုက်နာဆောင်ရွက်သင့်သည်-

- **မြစ်၊ ချောင်းကမ်းစပ်နေရာများအနီးတွင် အိမ်သာဆောက်လုပ်ခြင်းကို ရှောင်ကြဉ်ပါ၊**
- **မြစ်၊ ချောင်းများအတွင်းသို့ အညစ်အကြေးနှင့် အမှိုက်သရိုက်များ မစွန့်ပစ်ပါနှင့်၊**
- **နွေကာလရေခန်းခြောက်တတ်သော မြစ်ငယ်၊ ချောင်းငယ်တို့မှ ရေကိုမသုံးသင့်ပါ၊**
- **မြစ်ရေ၊ ချောင်းရေများကို ကျိုချက်ပြီးမှ သောက်သုံးပါ၊**
- **ရေငြိမ်သောနေရာမှ မြစ်ရေ၊ ချောင်းရေများကို မသုံးသင့်ပါ။**

ကန်ရေတွင်မူ သိုလှောင်ခြင်းနှင့် စုဆောင်းခြင်း အပိုင်းနှစ်ပိုင်းရှိသည်။ ယခုကဲ့သို့ မိုးဖြိုင်ဖြိုင်ရွာသော ကာလတွင် မိုးရေကို ကန်အတွင်းပြည့်စေခြင်းမှာ သိုလှောင်ခြင်းအပိုင်းဖြစ်သည်။ မိုးလွန်၍ သိုလှောင်ခြင်းမှ ရရှိသောရေကို စနစ်တကျ ထိန်းသိမ်းကာကွယ်ခြင်းမှာ စုဆောင်းခြင်းအပိုင်းဖြစ်သည်။ ထိုအခါ သောက်ရေ၊ သုံးရေအဖြစ် အရန်သင့်ရေကန်များ ရရှိပါလိမ့်မည်။ ဤသို့ ဆောင်ရွက်ရုံဖြင့် သန့်ရှင်းသောသောက်သုံးရေ မရရှိနိုင်သေးပေ။ ကျေးလက်ဒေသအတော်များများတွင် ထိုသို့ကန်ရေကို စနစ်တကျ သိုလှောင်ထားနိုင်သော်လည်း သောက်သုံးရေနှင့် ပတ်သက်၍ အားနည်းချက်များ ရှိနေတတ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် ကန်ရေကို အားထားနေရသော ကျေးလက်ပြည်သူများသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အောက်ပါအချက်များကို ဂရုပြုဆောင်ရွက်ကြရန် လိုအပ်သည်။

- **ရေကန်ရှိ ရေညှိ၊ ရေမှော်၊ အမှိုက်သရိုက်များကို အမြဲမပြတ် ဆယ်ထုတ်ပါ။**
- **ရေကန်အနီးအနားတွင် အိမ်သာ၊ အမှိုက်ပုံ၊ ရေပုပ် ရေသိုးမြောင်းများ မရှိအောင် စီမံဆောင်ရွက်ပါ၊**
- **ရေကန်သည်နက်၍ သင့်တင့်သော အကျယ်အဝန်း ရှိသင့်ပါသည်၊**
- **ရေကန်အတွင်းသို့ အခြားမည်သည့်နေရာမှမဆို ရေစီးဝင်မှုမရှိစေရန် ကာကွယ်ပေးပါ၊**
- **ကျွဲ၊ နွားတိရစ္ဆာန်များ အလွယ်တကူ မဝင်ရောက်နိုင်အောင် ရေကန်ပတ်လည်တွင် ဝင်းခြံခတ်ထားပါ၊**
- **ရေကန်နှင့်ကပ်လျက် သစ်ပင်ကြီးများ ရှိမနေသင့်ပါ။ သစ်ရွက်များ ရေကန်အတွင်း ကျရောက်၍ ရေပုပ်သိုးနိုင်သည်၊**
- **ကန်ရေကို သောက်ရေအဖြစ် အသုံးပြုမည်ဆိုပါလျှင် ရေကန်တွင် ရေချိုးခြင်း၊ အဝတ်လျှော်ဖွပ်ခြင်းများ မပြုလုပ်သင့်ပါ။**
- **ရေကန်အတွင်း ရေစပ်အထိဆင်းပြီး ရေမခပ်ယူသင့်ပါ။ စက်သီး သို့မဟုတ် ရေစုပ်စက်ကို အသုံးပြုနိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။**

မည်သို့ပင်ဆိုစေ ဒုတိယနည်းလမ်းသွယ်မှ သန့်ရှင်းသော သောက်သုံးရေရရှိရန်အတွက် ရေကိုကျိုချက်ပြီးမှ သောက်သုံးရန် အထူးလိုအပ်သည်။

ယနေ့ မြို့ပြနေရာ အတော်များများတွင် သောက်ရေသန့်များ သုံးစွဲမှု တစ်စတစ်စ တွင်ကျယ်လာနေပြီဖြစ်သည်။ သန့်ရှင်းသော သောက်သုံးရေရရှိရေးတွင် ဤသုံးစွဲမှုသည် အကောင်းဆုံးနည်းလမ်း ဖြစ်သော်လည်း လူဦးရေအချိုးအစားဖြင့် ချင့်တွက်လျှင် အချိုးအဆ အလွန်နည်းပါးသည်ဟု ထင်ပါသည်။ နည်းလမ်းနှစ်သွယ်အဖြစ် လိုအပ်သော နေရာတိုင်းတွင် စက်ရေတွင်းများ တူးဖော်ခြင်းနှင့် မြစ်ရေ၊ ချောင်းရေ၊ ကန်ရေများကို စနစ်တကျ သုံးစွဲတတ်ကြခြင်းသည်သာ အဓိကဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

ယနေ့ကာလတွင် နည်းပညာသစ်များ အံ့မခန်း တိုးတက်ပြောင်းလဲနေပြီး လူဦးရေတိုးတက်မှုနှုန်းကလည်း မြန်ဆန်နေ။ စက်ရုံ၊ အလုပ်ရုံကြီးများလည်း တိုးတက် များပြားလာသည်။ ထိုအခါ လေထုသာမက ရေထုပါ ညစ်ညမ်းရလေတော့သည်။ ရေထုညစ်ညမ်းလာသောအခါ သန့်ရှင်းသော သောက်သုံးရေပါ အခက်ကြုံရသည်။ လူသားတို့အတွက် ရေကောင်း ရေသန့် ဖူလုံစွာ ရရှိမှသာလျှင် ကျန်းမာရေးအတွက် စိတ်ချရမည်။

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဖောင်တော်သီကျေးရွာတွင် နှစ်လက်မ စက်ရေတွင်း တူးဖော်ပြီးစီးမှုနှင့် အုတ်ရေကန် ရေစက်အိမ်ဆောက်လုပ်ပြီးစီးမှုကို ဩဂုတ်၁၅ရက်က အမှုဆောင်အရာရှိ ဦးတင်ဦးလေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထက်အောင်ခန့်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သံဖြူဇရပ်၌ စက်ရေတွင်းတူးဖော်မှု ကြည့်ရှုစစ်ဆေး

သံဖြူဇရပ် ဩဂုတ် ၂၂

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော အောင်ကုသိုလ်ရပ်ကွက် လေးလက်မ စက်ရေတွင်း တူးဖော်ခြင်းနှင့် ရေလှောင်ကန်၊ ရေစက်ရုံ တည်ဆောက်ခြင်းကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှအင်ဂျင်နီယာမှူး ဦးကိုကြီး ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်မြင့်ဦးက ရှင်းလင်းတင်ပြသည်။ **(ယာပုံ)**

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ လှိုင်လင်၌ကျင်းပ

၂၀၀၈ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲတော်ကို ဩဂုတ် ၂၁ရက် နံနက် ၁၀နာရီက လှိုင်လင်ခရိုင် လှိုင်လင်မြို့နယ် နည်းပညာတက္ကသိုလ်တွင် ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်က ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့များအား မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် စိုက်ပျိုးမည့်အပင်များပေးအပ်ပြီး သတ်မှတ်နေရာများတွင် တပျော်တပါး စိုက်ပျိုးကြသည်။ (ခရိုင် ပြန်/ဆက်)

တီးတိန်၌ ခေါင်းလောင်းထိုး အမှိုက်များသိမ်း

တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းသန့်ရှင်းရေးအတွက် အပတ်စဉ် အင်္ဂါနေ့နှင့်သောကြာနေ့တိုင်း ခေါင်းလောင်းထိုးစနစ်ဖြင့် အမှိုက်သိမ်းဆည်းမှု ဆောင်ရွက်လျက်ရှိရာ ဩဂုတ်၁၅ရက်က တီးတိန်မြို့တွင်း အမှိုက်သိမ်းဆည်းမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဌေးက လိုက်လံကြီးကြပ် ဆောင်ရွက်ပေးသည်။ (မြို့နယ် ပြန်/ဆက်)

တောင်ငူ၌ ပန်းအလှပင်၊ အရိပ်ရပင်ပျိုးထောင်

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကန်တော်ကြီး ငှက်ပျောကျွန်းရှိ ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်၊ အရိပ်ရပင်များ ပျိုးထောင်ထားရှိမှု အခြေအနေကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ် လိုက်လံရှင်းလင်းပြသသည်။ (ခရိုင် ပြန်/ဆက်)

သာစည်စည်ပင်သာယာရေးအဖွဲ့ ကျောက်ချောလမ်းဆောင်ရွက်

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သာစည်-ညောင်ရမ်းတိုက်နယ်သို့ ဆက်သွယ်သည့် လမ်းပိုင်း၊ မင်းလှကျေးရွာအတွက် နှမ်းကန်ကျေးရွာအနီး အရှည်ပေ ၆၉၇၀၊ အကျယ် ၁၂ပေရှိလမ်းပိုင်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုး ဩဂုတ် ၁၂ရက်က သွားရောက်ကြည့်ရှုရာ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဦးက လမ်းပိုင်းအလိုက် ပြုပြင်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။ (၀၉၄)

ယာဉ်စည်းကမ်းဖောက်ဖျက်သူများ စစ်ဆေးအရေးယူ

မြောင်းမြမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့နှင့် မြောင်းမြယာဉ်ထိန်းအဖွဲ့တို့ ပူးပေါင်း၍ မြောင်းမြမြို့ပေါ်ရှိ မော်တော်ကား၊ ထော်လာဂျီ၊ မော်တော်ဆိုင်ကယ်နှင့် အနေးယာဉ်များ စည်းကမ်းလိုက်နာစေရန်အတွက် ဩဂုတ်၂၀ရက်မှစ၍ ယာဉ်စည်းကမ်း ဖောက်ဖျက်သူများအား စစ်ဆေးအရေးယူလျက်ရှိသည်။ (၁၆၀)

ကောလင်းစည်ပင် အရိပ်ရပင်၊ ပန်းအလှပင်စိုက်ပျိုး

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ကောလင်းမြို့ဝင်၊ မြို့ထွက် ကားလမ်းမဘေး ဝဲယာအရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းကို မြို့နယ်အမှုဆောင်အရာရှိ ဦးနေမျိုးအောင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်ကြသည်။ (၀၃၂)

မူဆယ်စည်ပင် လမ်းလယ်ကျွန်းပန်းခုံပြုပြင်

မူဆယ်မြို့ သာယာလှပရေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ ဇွန် ၆ရက်က လမ်းလယ်ကျွန်း ပန်းခုံများရှိ မြေဆွေးများလဲလှယ်ခြင်း၊ ပန်းအလှပင်များ လဲလှယ်စိုက်ပျိုးခြင်းတို့ကို အဖွဲ့မှလက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်စိုးက ကြီးကြပ်ဆောင်ရွက်ပေးသည်။

(မြို့နယ်စည်ပင်)

ဗန်းမော်စည်ပင် ဝက်ကုန်း-မံဖာကျေးလက်တံတားပြုပြင်

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ဝက်ကုန်း-မံဖာ ကျေးလက်တံတား ပြုပြင်ခြင်းလုပ်ငန်းကို ဩဂုတ်၂၀ရက်က အမှုဆောင်အရာရှိဦးစိုးနိုင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လွင်ဦးက ရှင်းလင်းတင်ပြသည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်အဆောက်အအုံများ လွှဲပြောင်းပေးအပ်

စာကြည့်တိုက် အဆောက်အအုံများ လွှဲပြောင်းပေးအပ်ပွဲနှင့် စာအုပ်များပေးအပ်လှူဒါန်းပွဲကို ဩဂုတ်၆ရက်က မင်းဘူး(စကု)မြို့နယ် လက်ခုပ်ပင်ကျေးရွာအုပ်စု သမထီးရွာမွှောရုံ၌ကျင်းပရာ သမထီးရွာ၊ ဥယျာဉ်ဇင်ရွာနှင့် ဒါးမနိုင်ရွာများရှိ စာကြည့်တိုက်အဆောက်အအုံများနှင့် စာအုပ်များကို တာဝန်ရှိသူများက ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ (၀၇၁)

ညောင်ဦးခရိုင်အတွင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်းငါးခု တည်ဆောက်ထား ဒေသတောင်သူများ မိုးရေဖလာယာလုပ်ငန်းမှ လယ်လုပ်ငန်းကို ပြောင်းလဲလုပ်ကိုင် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ စိုက်နည်းစနစ်မှန်ကန်စွာစိုက်ပျိုး

နေပြည်တော် ဩဂုတ် ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၃ရက် နံနက် ၆နာရီက ပုဂံညောင်ဦးမြို့ရှိ ရွှေစည်းခုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိ၍ စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်နိုင်ရေးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည် ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ညောင်ဦးမြို့နယ် ဝက်ကြီးအင်းကျေးရွာ မြသိန်းတန်စေတီတော်မြတ်အနီးရှိ ဓမ္မာရုံ၌ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် ဝက်ကြီးအင်းကျေးရွာရှိ အမှတ်(၁၉)အခြေခံပညာမူလတန်းလွန်ကျောင်းရှိ စာသင်ခန်းများနှင့် ကျောင်းဝင်းအတွင်းသန့်ရှင်းသပ်ရပ်သာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လောကနန္ဒာလျှပ်စစ်မြစ်ရေတင်

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပုဂံညောင်ဦးမြို့နယ် လောကနန္ဒာလျှပ်စစ် မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန မန္တလေးတိုင်း ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆန်းက လောကနန္ဒာလျှပ်စစ် မြစ်ရေတင်စီမံကိန်းမှ လျှပ်စစ်ဓာတ်အားသုံး၍ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်း ပင်မရေတင်စက်ရုံနှင့် ပင်မရေငြိမ်ကန်မှ စိုက်ပျိုးရေပေးဝေနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။(အပေါ်ပုံ)

တိုးချဲ့စိုက်ပျိုး

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေလွှတ်မြောင်း လက်တံတစ်လျှောက် ဖြစ်ထွန်းအောင်မြင်လျက်ရှိသော စပါးစိုက်ကွင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တောင်သူများအားတွေ့ဆုံကာ စပါးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးရေးကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ညောင်ဦးမြို့ အနော်ရထာခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများက ညောင်ဦးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းမှူးဗိုလ်မှူးချုပ်တင်ငွေက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

မှာကြား

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်က ညောင်ဦးခရိုင်အတွင်း လျှပ်စစ်မြစ်ရေတင် စီမံကိန်းငါးခု တည်ဆောက်ပေးထားရာ ဒေသခံတောင်သူများ အနေဖြင့်လည်း မိုးရေဖလာယာလုပ်ငန်းမှ လယ်လုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်ရန်လိုကြောင်း၊ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များကို ပြောင်းလဲ၍ စိုက်နည်းစနစ် မှန်ကန်စွာဖြင့် စိုက်ပျိုးရန်လိုကြောင်း၊ ညောင်ဦးခရိုင် အနေဖြင့် ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ များပြားစွာလာရောက်နေ၍ ဒေသဖွံ့ဖြိုးရေးနှင့် မြို့ရွာသန့်ရှင်းသာယာလှပရေးတို့ကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

မြကန်ရေလှောင်တမံ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်သည် ညောင်ဦးမြို့နယ် ညောင်ထိုကျေးရွာအနီးရှိ မြကန်ရေလှောင်တမံသို့ရောက်ရှိပြီး မြကန်ရေလှောင်တမံ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုနှင့် ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကျောက်ကူးလျှပ်စစ်မြစ်ရေတင်

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ညောင်ဦးမြို့နယ် ကျောက်ကူး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ ရောက်ရှိပြီး ပင်မရေတင်စက်ရုံမှ ရေစုပ်တင်နေမှုနှင့် ရေငြိမ်ကန်မှတစ်ဆင့် ပင်မမြောင်းတစ်လျှောက် စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သူကောင်းတည် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ သွားရောက်၍ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ဧရိယာအတွင်း မိုးစပါး၄၃၈ဧက စိုက်ပျိုးပြီးစီးမှုနှင့် စိုက်ပျိုးရေပေးဝေနိုင်မှု၊ ပင်မရေတင်စခန်းမှ မြောင်းလက်တံတစ်လျှောက် ရေပို့လွှတ်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

လက်ပံခြေပေါ်လျှပ်စစ်မြစ်ရေတင်

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် လက်ပံခြေပေါ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း လမ်းဘေးဝဲယာတစ်လျှောက်ရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စပါးစိုက်ခင်းများနှင့် လက်ပံခြေပေါ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းဆောင်ရွက်နေမှု၊ မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် စိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဗိုလ်ချုပ်အုန်းမြင့်က မြစ်ရေတင်ဧရိယာအတွင်းရှိ ဒေသနှင့်ကိုက်ညီသည့် သက်နုမျိုးစပါးများကို ပြောင်းလဲစိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်း ကျော်လွန်ရရှိအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကြီးမှူး၍ ဩဂုတ် ၂၄ရက်က ဗိုလ်ချို(၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ၊ စာဖတ်ဝိုင်းဖွင့်ပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ဗိုလ်ချို(၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ထွဏ်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းသည် ဩဂုတ်၃၁ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဌာန (IBC)ခန်းမ၌ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော အခွန်အကြောင်းသိကောင်းစရာ ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲကို တက်ရောက်လိုသူသည် ဩဂုတ်၂၈ရက် နောက်ဆုံးထား၍ အသင်းရုံးခန်းသို့ လာရောက်စာရင်းသွင်းရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ဥရောပစူပါဖလားဘောလုံးပြိုင်ပွဲ မန်ယူတို့ ဆုဖလားသိမ်းပိုက်နိုင်ပါ့မလား

လန်ဒန် ဩဂုတ် ၂၆

ဥရောပလိဂ်ပွဲစဉ်တွေ ပြန်လည်စတင်ကစားနေပြီဖြစ်လို့ ကမ္ဘာ့ဘောလုံးလောကလည်း လှုပ်လှုပ်ရှားရှားနဲ့ အသက်ဝင်လာနေပြီဖြစ်ပါတယ်။ ပရီမီယာလိဂ်၊ လာလီဂါ၊ စီးရီးအေနဲ့ ဘွန်ဒက်စ်လီဂါပွဲစဉ်တွေ စတင်ဆင်နွှဲနေကြတဲ့အထဲမှာ ပရိသတ်စိတ်ဝင်အစားဆုံး ပရီမီယာလိဂ်မှာတော့ လက်ရှိနှစ်ထပ်ကွမ်း ချန်ပီယံမန်ယူဟာ ရာသီအစမှာပဲ ပရိသတ်ကို ရင်ပူစရာဖြစ်အောင် ကစားနေပြီဖြစ်ပါတယ်။

ယှဉ်ပြိုင်ကစား

မန်ယူဟာ ပရီမီယာလိဂ်ပွဲစဉ်တွေကို စတင်ကစားနေချိန်မှာပဲ ဩဂုတ် ၂၉ရက်မှာ ဥရောပစူပါဖလားအတွက် ယူအီးအက်ဖ်အေချန်ပီယံ ရုရှားကလပ်အသင်း ဇင်းနစ်နဲ့ မိုနာကိုမှာ ယှဉ်ပြိုင်ကစားရတော့မှာဖြစ်ပါတယ်။ ၂၀၀၈-၂၀၀၉ ဘောလုံးရာသီအစမှာ ကွန်မြူနတီဒိုင်းရရှိတဲ့ မန်ယူဟာ ဥရောပစူပါဖလားရရှိဖို့အတွက် ဇင်းနစ်နဲ့ကစားရမယ့်ပွဲက စိတ်ဝင်စားစရာကောင်းသလို ရင်ပူစရာလည်း ကောင်းနေပြန်ပါတယ်။

ဒါကြောင့် ဥရောပစူပါဖလားအတွက် ဇင်းနစ်အသင်းနဲ့ ကစားမယ့် မန်ယူအသင်းရဲ့ အနေအထားကိုကြည့်ရင်တော့ အတော်လေးပြင်ဆင်ပွဲထွက်ရမယ့် အခြေအနေဖြစ်နေပါတယ်။ မန်ယူအသင်းဟာ ဒီနှစ်ပရီမီယာလိဂ်ရာသီအစ အဖွင့်ပွဲစဉ်မှာ နယူးကာဆယ်ကို သရေကစားပြီး ပို့စ်မောက်ကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်နှစ်ပွဲစလုံးဟာ အားရစရာတော့မရှိပါဘူး။

ဇင်းနစ်ကို အနိုင်ကစားမည်ဟု ကြုံးဝါးနေသည့် မန်ယူနည်းပြကြီး ဖာဂူဆန်။

အင်အားချည့်နဲ့

မန်ယူမှာ စီရိုနယ်ဒို၊ ဆာဟာ၊ ပတ်ဂျီဆန်၊ အိုဝင်ဟားဂရေ့ဗ်နဲ့ ကာရစ်တို့ ဒဏ်ရာတွေရရှိထားတဲ့အပြင် နာနီကလည်း ပွဲပယ်ပြစ်ဒဏ် ခံနေရတာမို့ အတော်လေး အင်အားချည့်နဲ့နေတာတော့ အမှန်ပါပဲ။ ဒါပေမယ့် သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့ပေမယ့် ဒုတိယပွဲစဉ်အဖြစ် အဝေးကွင်းမှာ သွားကစားရတဲ့ ဆိုဗီတော့ဗ်နဲ့ပွဲမှာတော့ သုံးဂိုးပြတ်သွင်းပြီး ပြတ်ပြတ်သားသား အနိုင်ယူထားနိုင်ခဲ့ပါတယ်။

"မိမိတို့အသင်း အသင့်ဖြစ်နေပြီ" ဇင်းနစ်နည်းပြ အက်ဗိုကတ်။

ထည့်သွင်းကစား

ဇင်းနစ်အသင်းက ဒိုင်နမိုမော်စကိုအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဒန်နီကို ပြောင်းရွှေ့ကြေးယူရိုသန်း ၃၀နဲ့ ခေါ်ယူဖို့ အစစအရာရာ စီစဉ်ပြီးဖြစ်တယ်လို့ ဆိုနေပါတယ်။ တကယ်လို့ ခေါ်ယူဖြစ်ခဲ့ရင် မန်ယူနဲ့ပွဲမှာ ထည့်သွင်းကစားပါလိမ့်မယ်။ ဒန်နီကို ယူရိုသန်း ၃၀နဲ့ ခေါ်ယူဖြစ်ခဲ့ရင် ရုရှားနိုင်ငံသမိုင်းမှာတော့ ဈေးအမြင့်ဆုံးဘောလုံးသမား ဖြစ်လာတော့မှာပါပဲ။

အသင့်ဖြစ်နေ

ဇင်းနစ်အသင်းနည်းပြ အက်ဗိုကတ်ကတော့ မန်ယူနဲ့ ဥရောပစူပါဖလားလုပွဲကစားဖို့ မိမိတို့အသင်းအသင့်ဖြစ်နေပြီလို့ဆိုနေပါတယ်။ ဇင်းနစ်အသင်းမှာ ရှိတဲ့လူနဲ့ မန်ယူကို ဟန်မပျက်ဗျူဟာခင်းကျင်းနေတဲ့ ဖာဂူဆန်က ဥရောပစူပါဖလားအတွက် ဇင်းနစ်ကိုတော့ အနိုင်ကစားမယ်လို့ ဆိုနေပါတယ်။

တုန်လှုပ်စရာ

မန်ယူတိုက်စစ်မှာ ရွှန်နေနဲ့ တီဗက်ဇ်တို့ရှိနေလို့ အခက်အခဲတော့ သိပ်မရှိပါဘူး။ တကယ်လို့ စပါးက ဘာဘာတော့ဗ်ကို ဖာဂူဆန်ခေါ်နိုင်ခဲ့မယ်ဆိုရင်တော့ မန်ယူတိုက်စစ်ဟာ ဇင်းနစ်အတွက် တုန်လှုပ်စရာ ဖြစ်နေမှာပါ။ ကွင်းလယ်မှာ ပေါလ်စခိုး၊ အန်ဒါဆင်၊ ဖလက်ချာနဲ့ တောင်ပံမှာ ဂစ်လည်းရှိနေတာမို့ မြိုင်တော့မြိုင်နေဆဲပါပဲ။ နောက်တန်းမှာ ဖာဒီနန်၊ ဗီဒစ်၊ အီဗရာ နဲ့ အိုရှေးတို့လည်း ကစားနိုင်နေတာမို့ မန်ယူဟာ ဟန်ချက်မပျက် ဇင်းနစ်ကို ရင်ဆိုင်သွားနိုင်ပါလိမ့်မယ်။

မန်ယူ တိုက်စစ်မှူး ရွှန်နေ

မန်ယူအတွက် ရွှန်နေ ဂိုးတွေ သွင်းပေးနိုင်ပါ့မလား။

နာမည်ကျော် တိုက်စစ်မှူး အာရှာဗင်ရှိနေဆဲဖြစ်ပြီး အိုင်နာတိုဗစ်နဲ့ ပိုဂရီနစ်တို့ကလည်း ဂိုးသွင်းသေချာတဲ့သူတွေဖြစ်ပါတယ်။ ကွင်းလယ်မှာ ဟိုးလီ၊ ရာဒီမို့ဗ်၊ ဖာနန်ဒိုရစ်ဆင်နဲ့ ဇူရီရာနော့ဗ်တို့ရှိနေတာမို့ ကွင်းလယ်ကစားအားမှာ မန်ယူနဲ့အပြိုင်ဖြစ်နေပါတယ်။ နောက်တန်းမှာ ဟူဘိုကင်၊ အင်နူကော့ဗ်၊ ကရီဇာနက်ဖ်နဲ့ လွှန်ဘတ်ဖ်တို့က တစ်ဖက်အသင်းတိုက်စစ်မှူးတွေကို အမှားအယွင်းနည်းနည်းနဲ့ ဟန့်တားနိုင်ကြတဲ့သူတွေပါပဲ။

ဇင်းနစ် တိုက်စစ်မှူး အာရှာဗင်

ဇင်းနစ်အတွက် အားကိုးရသော တိုက်စစ်မှူး အာရှာဗင်။

ယူဆ

ဒါပေမယ့် ပရီမီယာလိဂ်နှစ်ပွဲမှာ နှစ်ဂိုးသာ သွင်းယူထားနိုင်သေးတဲ့ မန်ယူတိုက်စစ်မှူးတွေရဲ့ ခြေစွမ်းကတော့ အားရစရာမရှိသေးတာ အမှန်ပါပဲ။ တစ်ဦးချင်းနဲ့ စိတ်ဓာတ်အပိုင်းမှာ မန်ယူတို့က သာလွန်နေတာမို့ ဇင်းနစ်ကို ဂိုးမပြတ်ပေမယ့် မန်ယူတို့ကပဲပြီး အနိုင်ရသွားမယ်လို့ ယူဆရပါတယ်။

အနိုင်ယူထား

ရုရှားကလပ် ဇင်းနစ်အသင်းကတော့ ဒီနှစ်ရုရှားလိဂ်ဘောလုံးပြိုင်ပွဲ ရာသီအစ ပွဲစဉ်အဖြစ် ယာရိုစလပ်ဗ်အသင်းနဲ့ အိမ်ကွင်းမှာ ကစားတဲ့အခါ

စောင့်ကြည့်

ဇင်းနစ်အသင်းဟာ ပြီးခဲ့တဲ့နှစ် ရုရှားလိဂ်ပွဲမှာ ပွဲ ၃၀ကစား ၁၈ပွဲနိုင်၊ ခုနစ်ပွဲ သရေ၊ ငါးပွဲရှုံးနဲ့ ဗိုလ်စွဲခဲ့သလို ယူအီးအက်ဖ်အေချန်ပီယံလည်း ဖြစ်ခဲ့ပါတယ်။ ဇင်းနစ်အသင်းရဲ့ အဓိကအားကတော့ အလယ်တန်းနဲ့ တိုက်စစ်ပါပဲ။ ဇင်းနစ်ရဲ့ တိုက်စစ်နဲ့ ကွင်းလယ်အပိုင်းမှာ လူငယ်တွေမို့ မန်ယူကို ကောင်းကောင်း ယှဉ်ကစားနိုင်မှာဖြစ်တာကြောင့် ဥရောပစူပါဖလားကို ရယူသွားမှာ မန်ယူလား၊ ဇင်းနစ်လားဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။

သုံးသပ်ရေးသားသူ မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု ဉာဏ်ဟိန်းစိုး

ဘာဘာတော့ဗ်၏အနာဂတ်ရွှေ့ရေး စပါးအသင်းတွင်အလေးအနက်ထား ဆွေးနွေးနေရ

လန်ဒန် ဩဂုတ် ၂၆

ဘူလ်ဂေးရီးယားနှင့် စပါးတိုက်စစ်မှူး ဘာဘာတော့ဗ်သည် စပါးမှ မန်ယူသို့ အားချင်းပြောင်းရွှေ့ရန် ကြိုးစားနေသောကြောင့် လန်ဒန်ရှိ ၎င်း၏အေးဂျင့်သည် ဘေးကျပ်နံကျပ်ကာလနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဘီဘီစီသတင်းဌာနက ရေးသားဖော်ပြသည်။

ဆွေးနွေး

အီမီလ်ဒန်ချက်ဗ်သည် ဩဂုတ် ၂၆ ရက်က နည်းပြဂျူအန်ဒီရာမို့စ်၊ ဥက္ကဋ္ဌဒန်နီယယ်လီဗီတို့သည် တိုက်စစ်မှူးဘာဘာတော့ဗ်၏ အနာဂတ်ရွှေ့ရေးနှင့် ပတ်သက်ပြီး ဒူးတိုက်ဆွေးနွေးခဲ့ကြသည်။

အခိုင်အမာပြောကြား

ပြီးခဲ့သည့် ဩဂုတ်၂၃ရက်က စပါးအသင်းက ဆန်းဒါးလန်းကို ရှုံးနိမ့်ခဲ့သော ပွဲစဉ်တွင် စပါးအသင်းဖော်များနှင့် စိတ်ဝမ်းကွဲကာ အာရုံစူးစိုက်မှုအားနည်းနေသော ဘာဘာတော့ဗ်အား ထည့်သွင်း အသုံးပြုခဲ့ခြင်းမရှိဘဲ အရန်ခုံ၌သာထိုင်စေခဲ့သည်။ သို့သော်လည်း အသက် ၂၈နှစ်ရှိ ဘာဘာတော့ဗ်၏ ပြောင်းရွှေ့ကြေးသည် ပေါင်သန်း ၃၀ထက် လျော့နည်းပါက ၎င်းအားအသင်းမှ ထွက်ခွာခွင့်ပေးမည် မဟုတ်ကြောင်း စပါးအသင်းက အခိုင်အမာ ပြောကြားခဲ့သည်ဟု သတင်းက ဖော်ပြသည်။

(အင်တာနက်)

အာဆင်နယ်ခံစစ်မှူးဆန်းဒရို့စ် အေစီမီလန်နှင့် အငှားစာချုပ်မည်

လန်ဒန် ဩဂုတ် ၂၆

အာဆင်နယ်အသင်းခံစစ်မှူး ဖိလစ်ပီဆန်းဒရို့စ်သည် အီတလီစီးရီးအေမှ အေစီမီလန်အသင်းသို့ တစ်နှစ်အငှားစာချုပ်ဖြင့် သွားရောက်ကစားရန် စာချုပ်ချုပ်ဆိုမှုနှင့် အပြီးသတ် ဆေးစစ်ခံယူမှုတို့ ပြီးဆုံးတော့မည်ဖြစ်သည်။

အသက် ၂၃နှစ်ရှိ ဆန်းဒရို့စ်သည် မီလန်မြို့သို့ ဩဂုတ် ၂၆ ရက်က ရောက်ရှိခဲ့ပြီး ယင်းနေ့နှောင်းပိုင်းတွင် စာချုပ်ချုပ်ဆိုဖွယ်ရှိသည်။

ထုတ်ဖော်ပြောကြား

ဆွစ်ဇာလန် လက်ရွေးစင် ဆန်းဒရို့စ်၏ ပြောင်းရွှေ့မှုနှင့်ပတ်သက်၍ မိမိသည် ခံစစ်တွင် လုံလောက်သော ရွေးချယ်မှုများ ရရှိလာစေရန်ရည်ရွယ်လျက် ဆန်းဒရို့စ်အားအငှားစာချုပ်ဖြင့် သွားရောက်ကစားစေခြင်းဖြစ်ကြောင်း၊ ဆန်းဒရို့စ်အနေဖြင့် အာဆင်နယ်တွင် ရတ်တရက် နေရာမရနိုင်သေးကြောင်း၊ ထို့ကြောင့် ယခုအခါသူသည် နေရာအချို့တွင် ကစားခွင့်ရမည်ဖြစ်ပြီး ထိပ်တန်းအဆင့်ရှိ ကလပ်တွင် ကစားရမည်ဖြစ်ရာ အတွေ့အကြုံများစွာ ရရှိမည်ဖြစ်ကြောင်း အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားသည်။

ဆန်းဒရို့စ်သည် ၂၀၀၃ခုနှစ်က ဆာဗက်တီအသင်းမှ အာဆင်နယ်အသင်းသို့ ပေါင်နှစ်သန်းခွဲဖြင့် ရောက်ရှိလာသူဖြစ်သည်။ ၎င်းသည် အာဆင်နယ်အသင်းအား ၂၀၀၅ ခုနှစ်တွင် အက်ဖ်အေဖလားရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ၂၀၀၆ခုနှစ်ချန်ပီယံလိဂ်ဗိုလ်လုပွဲ၌ ဒဏ်ရာကြောင့် ပါဝင်ဆင်နွှဲခွင့် မရခဲ့ချေ။ (အင်တာနက်)

ရိန်းဂျားနှင့်ဆဲလ်တစ်ပွဲစဉ်တွင် အီဒူး ပါဝင်ကစားဖွယ်ရှိ

ဂလပ်စကို ဩဂုတ် ၂၆

မကြာသေးမီက ရိန်းဂျားအသင်းနှင့် စာချုပ်ချုပ်ဆိုထားသူ မောရစ်အီဒူးသည် လာမည့် ဩဂုတ်၂၈ရက်တွင် ဂလပ်စကိုသို့ ရောက်ရှိပါက ရိန်းဂျားနှင့် ဆဲလ်တစ်တို့ ယှဉ်ပြိုင်ကစားမည့် ဩဂုတ် ၃၁ရက် ပွဲစဉ်၌ ပါဝင်ကစားဖွယ်ရှိကြောင်း သတင်း၌ဖော်ပြသည်။

လေ့ကျင့်ကွင်းဆင်း

အီဒူးသည် အလုပ်လုပ်ခွင့် ရရှိထားပြီဖြစ်ပြီး ဗီဇာရရှိရေးလုပ်ငန်းစဉ်များ ပြီးဆုံးပါက ရိန်းဂျားအသင်းနှင့်အတူ လေ့ကျင့်ကွင်းဆင်းမည်ဟုဆိုသည်။

ရိန်းဂျားအသင်းသို့ ပြောင်းရွှေ့ကြေး ၂၁သမ၆ သန်းဖြင့် ပြောင်းရွှေ့ခဲ့သူ ကွင်းလယ်ကစားသမား အီဒူးသည် ရိန်းဂျားအသင်းနှင့် ငါးနှစ်စာချုပ်ချုပ်ဆိုခဲ့သည်။ (အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

တောင်ပံကစားသမားရီယာအား ခေါ်ယူရေး လီဗာပူးနှင့် အက်စပန်ညို တွေ့ဆုံဆွေးနွေး

လန်ဒန် ဩဂုတ် ၂၆

လီဗာပူးအသင်းသည် အက်စပန်ညိုအသင်း ကွင်းလယ်ဘယ်တောင်ပံကစားသမား အဲလ်ဘတ်ရီယာအား ခေါ်ယူစာချုပ်ရန် ဆွေးနွေးလျက်ရှိသည်ဟု ဘီဘီစီတွင် ဖော်ပြသည်။

နှစ်ဖက်အသင်း သဘောတူညီမှုကိုမူ ဩဂုတ် ၂၇ရက် (ယနေ့)တွင် ဆုံးဖြတ်ချက်ချဖွယ်ရှိသည်။

ဖော်ပြ

လီဗာပူးအသင်း၏ ပရီမီယာလိဂ်ပြိုင်ဘက် အဲဗာတန်ကလည်း ခေါ်ယူရန် ပစ်မှတ်ထားနေသူ အသက် ၂၆နှစ်ရှိ ရီယာအား ပြောင်းရွှေ့ကြေး ပေါင် ကိုးသန်းဝန်းကျင် ဖြစ်ဖွယ်ရှိကြောင်း စပိန်တွင် ထုတ်ပြန်သော သတင်းများ၌ ဖော်ပြသည်။

ကစားဖူး

ရီယာသည် ၂၀၀၆ခုနှစ်က မန်စီးတီးတွင် အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ဖူးပြီး ရီးရဲမာလော့ကာနှင့် ဘော်ဒိုးအသင်းများ၌လည်း သွားရောက်ကစားခဲ့ဖူးသူဖြစ်သည်။ (အင်တာနက်)

27-8 (12).pmd 1 8/28/2008, 2:21 AM

မိုး ရွာသွန်းမှု လျော့ နည်း နေမည်

နေပြည်တော် ဩဂုတ် ၂၆

ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေသည် အားနည်းလျက်ရှိပြီး မြန်မာနိုင်ငံတစ်ဝန်းတွင်လည်း မိုးများလျော့နည်း လျက်ရှိသည်။

သတင်းထုတ်ပြန်

အဆိုပါအခြေအနေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအထိ ဆက်လက်ဖြစ်ပေါ်နေမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
လူတွေ့စစ်ဆေးခံရန် အကြောင်းကြားခြင်း

၁။ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းမှ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် ဝန်ထမ်းများခန့်အပ်ရန် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင် ၁၃-၇-၂၀၀၈ရက်မှ ၁၅-၇-၂၀၀၈ရက်အထိ ထည့်သွင်းခေါ်ယူခဲ့ပါသည်။

၂။ လျှောက်လွှာပေးပို့ထားသူများသည် လျှောက်လွှာတွင် ထည့်သွင်းဖော်ပြထားသည့် ဆက်သွယ်ရမည့် လိပ်စာအတိုင်း သက်ဆိုင်ရာ ရာထူးအလိုက် ယှဉ်တွဲဖော်ပြပါရက်နေ့များတွင် လူတွေ့စစ်ဆေးရွေးချယ်ခံရန် နေပြည်တော် ပျဉ်းမနား ရေအားလျှပ်စစ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာန(ပေါင်းလောင်း)သို့ သတင်းပို့ ဆက်သွယ်ရမည်ဖြစ်ပါသည်။

၃။ ရာထူးအလိုက် သတင်းပို့ရမည့် နေ့ရက်နှင့် စစ်ဆေးမည့်နေ့ရက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

စဉ်	ရာထူး	သတင်းပို့ရမည့်နေ့ရက်	စစ်ဆေးမည့်နေ့ရက်
(က)	အငယ်တန်းအင်ဂျင်နီယာ-၄ (စက်/လျှပ်)	၁၀-၉-၂၀၀၈ရက်	၁၁-၉-၂၀၀၈ရက်မှ ၁၅-၉-၂၀၀၈ရက်အထိ
(ခ)	စက်မှုကျွမ်းကျင်-၅ (စက်/လျှပ်)	။	။
(ဂ)	ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး	၁၅-၉-၂၀၀၈ရက်	၁၆-၉-၂၀၀၈ရက်မှ ၂၀-၉-၂၀၀၈ အထိ
(ဃ)	အငယ်တန်းစာရေး	။	။
(င)	စာရင်းကိုင်(၄)	၂၀-၉-၂၀၀၈ရက်	၂၁-၉-၂၀၀၈ရက်မှ ၂၅-၉-၂၀၀၈ရက်အထိ
(စ)	ပစ္စည်းထိန်း(၄)	၂၅-၉-၂၀၀၈ရက်	၂၆-၉-၂၀၀၈ရက်မှ ၃၀-၉-၂၀၀၈ အထိ
(ဆ)	ယာဉ်မောင်း(၅)	။	။

၄။ လျှောက်လွှာခေါ်ယူသည့် ၁၃-၇-၂၀၀၈ရက်တွင် အသက် ၃၅နှစ်ကျော်လွန်နေသူများ လာရောက် သတင်းပို့ ဖြေဆိုရန် မလို(မလို)ပါ။

၅။ ဖြေဆိုရန်လာရောက်စဉ် နိုင်ငံသား စိစစ်ရေးကတ်၊ သုံးလထက်မကျော်လွန်သော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်များ၊ သက်ဆိုင်ရာဘွဲ့ အောင်လက်မှတ် (မူရင်း)များ တစ်ပါတည်း ယူဆောင်လာရန်ဖြစ်ပါသည်။

၆။ လျှောက်ထားသူသည် ရာထူးတစ်ခုထက် ပိုမို၍ လျှောက်ထားခဲ့ပါက ဦးစားပေးရာထူးတစ်ခုတည်းကိုသာ ဖြေဆိုခွင့်ပြုမည် ဖြစ်ပါသည်။

၇။ အသေးစိတ် သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၀၇၃ နှင့် ၀၆၇-၄၁၁၁၇၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒဂုံဆိပ်ကမ်းစက်မှုမြို့တွင် စက်ရုံမြေကွက်များကို ဝယ်ယူထားကြသည့် မြေကွက်ပိုင်ရှင်များ စက်မှုမြို့စီမံခန့်ခွဲရေးကော်မတီနှင့်အမြန်လာရောက်ဆက်သွယ်ကြရန် နှိုးဆော်ချက်

ဒဂုံဆိပ်ကမ်း စက်မှုမြို့တွင် အောက်ဖော်ပြပါစက်ရုံမြေကွက်များကို ဝယ်ယူထားကြသူများအနက် အချို့ပိုင်ရှင်များသည် စီမံခန့်ခွဲရေးကော်မတီနှင့် ယနေ့ထက်တိုင် လုံးဝလာရောက်ဆက်သွယ်ခြင်းမရှိကြသလို အချို့ပိုင်ရှင်များအနေဖြင့် တစ်ကြိမ်သာ လာရောက်ဆက်သွယ်ကြပြီး နောက်ပိုင်း လာရောက်ဆက်သွယ်မှုမရှိကြတော့ဘဲ စက်ရုံများတည်ဆောက်မှုမရှိကြခြင်း၊ လုပ်ငန်းဆောင်ရွက်မှုမရှိကြခြင်းတို့ကြောင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီအနေဖြင့် စက်မှုဇုန်လုံခြုံရေးဆောင်ရွက်ရာတွင်လည်းကောင်း၊ စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင်လည်းကောင်း အခက်အခဲများရှိနေပါသည်။

သို့ဖြစ်ပါ၍ စက်ရုံမြေကွက်ပိုင်ရှင်များအနေဖြင့် ၂၀၀၈ခုနှစ် အောက်တိုဘာ ၃၁ရက် နောက်ဆုံးထား၍ ဒဂုံဆိပ်ကမ်းစက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီ အမှတ် ၉၇ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း ဒဂုံဆိပ်ကမ်း စက်မှုမြို့သို့ အမြန်လာရောက်ဆက်သွယ်ကြရန် နှိုးဆော်အပ်ပါသည်။

အကယ်၍ လာရောက်ဆက်သွယ်ရန် ပျက်ကွက်ပါက မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ညှိနှိုင်းပြီး အထက်အဖွဲ့အစည်းများသို့ တင်ပြအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ဇုန်(၁)အတွင်းရှိ မြေကွက်များ

၁၂၊ ၁၈၊ ၁၉၊ ၂၂၊ ၂၃၊ ၃၇(ခ)၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂(က)၊ ၄၃၊ ၄၄၊ ၄၅၊ ၄၇၊ ၅၆(က)၊ ၅၆(ခ)၊ ၆၃၊ ၆၄(က)၊ ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃၊ ၇၄(က)၊ ၇၇၊ ၇၈၊ ၇၉၊ ၈၃၊ ၈၄၊ ၁၀၀၊ ၁၀၁၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁(ခ)၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၁၆၊ ၁၂၀၊ ၁၂၁၊ ၁၂၂၊ ၁၃၀(က)၊ ၁၃၀(ခ)၊ ၁၃၂၊ ၁၃၃၊ ၁၄၅(ခ)၊ ၁၄၉(က)၊ ၁၄၉(ခ)၊ ၁၅၅၊ ၁၅၆၊ ၁၅၇၊ ၁၅၈၊ ၁၅၉၊ ၁၆၀၊ ၁၆၅၊ ၁၆၆၊ ၁၆၇(က)၊ ၁၆၇(ခ)၊ ၁၆၈၊ ၁၆၉၊ ၁၇၂(က)၊ ၁၇၂(ခ)၊ ၁၇၄(က)၊ ၁၇၄(ခ)၊ ၁၇၅၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၈၄(က)၊ ၁၈၄(ခ)၊ ၁၈၅၊ ၁၈၉၊ ၁၉၁၊ ၁၉၃၊ ၁၉၄(ခ)၊ ၁၉၈/၁၊ ၁၉၈/၄၊ ၁၉၈/၅၊ ၂၀၀၊ ၂၂၃၊ ၂၂၄။

ဇုန်(၂)အတွင်းရှိမြေကွက်များ

၁(က)၊ ၂၊ ၃၊ ၅၊ ၇၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၂၁၊ ၂၇၊ ၂၈၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၄၊ ၅၅၊ ၅၈၊ ၅၉၊ ၇၃၊ ၇၇၊ ၈၂၊ ၈၄၊ ၈၅၊ ၈၆၊ ၈၇၊ ၈၈၊ ၉၁၊ ၉၃၊ ၉၄၊ ၉၅၊ ၁၀၉၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၁၇၊ ၁၁၈၊ ၁၂၁၊ ၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၇၊ ၁၂၈၊ ၁၂၉၊ ၁၃၀၊ ၁၃၁၊ ၁၃၂၊ ၁၃၃၊ ၁၃၃(က)၊ ၁၃၄၊ ၁၃၅၊ ၁၄၂(က)၊ ၁၄၂(ခ)၊ ၁၄၃၊ ၁၄၄၊ ၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၄၈၊ ၁၄၉၊ ၁၅၀၊ ၁၅၁၊ ၁၅၂၊ ၁၅၃၊ ၁၅၄၊ ၁၅၅၊ ၁၅၆၊ ၁၅၇၊ ၁၅၈၊ ၁၆၀၊ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄၊ ၁၆၅၊ ၁၆၆၊ ၁၆၇၊ ၁၆၈၊ ၁၆၉၊ ၁၇၀၊ ၁၇၂၊ ၁၇၃။

စီမံခန့်ခွဲရေးကော်မတီ
ဒဂုံဆိပ်ကမ်းစက်မှုမြို့။

ကာကွယ်ရေးဦးစီးချုပ် (ရေ)တံခွန်စိုက်ဒိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

၂၀၀၈ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ရက်က သန်လျင်တပ်နယ် ရေတပ်လေ့ကျင့်ရေးဌာနချုပ် တပ်နယ်အားကစားရုံ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အသင်း ၁၃သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့တွင်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများကိုပေးအပ်ချီးမြှင့်ကြပြီး ကာကွယ်ရေးဦးစီးချုပ် (ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးဗိုလ်မှူးချုပ်ဝင်းရှိန်**(အပေါ်ဝဲပုံ)**က ဗိုလ်စွဲသွားသည့် တနင်္သာရီရေတပ်စခန်းဌာနချုပ်အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း ရေကြည်၌ဖွင့်

ရေကြည် ဩဂုတ် ၂၆

ပုသိမ်ခရိုင် ရေကြည်မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၅ရက် နံနက်၁၀နာရီက ရေကြည်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးကျော်ကျော်ဝေ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပုသိမ်ခရိုင်ဦးစီးအရာရှိ ဦးစန်းဝင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမော်မောင်တင်တို့က အမှာစကား ပြောကြားကြသည်။

သင်တန်းသို့ ရေကြည်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့နယ်တို့မှ စာရေးဝန်ထမ်း ၉၉ဦး တက်ရောက်ပြီး သင်တန်းနည်းပြများအဖြစ် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြစီနှင့် စာထောက်(၃) ဦးတင်ချောတို့က ဆွေးနွေးပို့ချခဲ့ကြသည်။

(မြို့နယ်ပြန်/ဆက်)

မာဒေးကားပလားသဲသောင်ပြင်ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ့ လက်ရွေးစင်အသင်း မလေးရှားသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၆

မလေးရှားနိုင်ငံတွင် ဩဂုတ် ၂၆ရက်မှ ၃၀ရက်အထိ ကျင်းပမည့် မာဒေးကားဖလား သဲသောင်ပြင်ဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် သဲသောင်ပြင်ဘောလုံးအသင်းသည် ဩဂုတ် ၂၄ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လက်ရွေးစင်အသင်း

မြန်မာ့လက်ရွေးစင် သဲသောင်ပြင်ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးစိုးမြင့်လွင်၊ နည်းပြအဖြစ် ဦးအောင်ထွန်းထွန်း၊ ကစားသမားများအဖြစ် ခိုင်စိုးထွန်း- ဂိုး-(စွမ်းအင်)၊ ရဝေဇင်-ဂိုး(ကမ္ဘောဇ)၊ တင်အောင်မိုး(လယ်ယာ/ဆည်မြောင်း)၊ သီဟ(လယ်ယာ/ဆည်မြောင်း)၊ အောင်သန်းဝင်း(ကမ္ဘောဇ)၊ ဝင်းမင်းထွဋ်(ပို့ဆောင်ရေး)၊ နေဇော်ထက် (ကမ္ဘောဇ)၊ မျိုးလှိုင်ဦး(စီးပွား/ကူးသန်း)၊ ဉာဏလွင်(ကမ္ဘောဇ)နှင့် ထက်အောင်(ပို့ဆောင်ရေး)တို့ ပါဝင် ကြသည်။

ပထမဆုံးပြိုင်ပွဲ

ယခုမာဒေးကားပြိုင်ပွဲမှာ မြန်မာ့လက်ရွေးစင် သဲသောင်ပြင်ဘောလုံးအသင်းအတွက် ပထမဦးဆုံး နိုင်ငံတကာပြိုင်ပွဲဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲတွင် အိမ်ရှင်မလေးရှားမှလွဲ၍ အသင်းကိုးသင်း ယှဉ်ပြိုင်နေပြီး အုပ်စု(က)တွင် အိုမန်၊ တီမော၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အုပ်စု(ခ)တွင် မြန်မာ၊ ထိုင်း၊ ဘရူနိုင်း၊ လာအိုနှင့် ဖိလစ်ပိုင်တို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် ပွဲဦးထွက်အဖြစ် ဩဂုတ် ၂၆ရက်တွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ရာ ရှစ်ဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်သွားသည်။ ၁၂မိနစ် သုံးပိုင်းကစားရသော ယင်းပွဲတွင် မြန်မာအသင်းသည် ပထမပိုင်းငါးမိနစ်နှင့် ဒုတိယပိုင်း ခြောက်မိနစ်တွင်သွင်းသော အောင်သန်းဝင်း၏ ဂိုးနှစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း တတိယပိုင်းတွင် ရှစ်ဂိုးပြန်ပေးခံရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဩဂုတ် ၂၇ရက်တွင် ဖိလစ်ပိုင်၊ ၂၈ရက်တွင် လာအို၊ ၂၉ ရက်တွင် ဘရူနိုင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုတစ်ခုစီမှ နှစ်သင်းစီ အကြိုဗိုလ်လုပွဲ တက်ရောက်မည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲများကို ဩဂုတ် ၃၀ရက်တွင် ကျင်းပမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားလျော့

ရန်ကုန် ဩဂုတ် ၂၆

ဩဂုတ်၂၅ရက်က ကမ္ဘာ့နိုင်ငံများ၏ မိုးလေဝသအခြေအနေကို လေ့လာကြည့်ပါက နယူးဇီလန်နိုင်ငံ ဖရန့်တန်မြို့အနီး ဝန်းကျင်ဒေသ၌ လေဆင်နှာမောင်းတိုက်ခတ်ခြင်းကြောင့် နေအိမ်များပျက်စီးခြင်း၊ ဂျပန်နိုင်ငံ တိုကျိုမြို့အနီး၌ တောမီးလောင်ကျွမ်း၍ အိမ်များဆုံးရှုံးခြင်း၊ အိန္ဒိယနိုင်ငံ ဘာရီယာဒီရာမြို့အနီး မြေပြိုမှုဖြစ်ပေါ်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

ဩဂုတ် ၂၆ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေကို လေ့လာကြည့်ပါက ပဲခူးတိုင်းတွင် နေရာအနှံ့အပြားမိုးရွာသွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်တို့၌ နေရာစိပ်စိပ် မိုးရွာသွန်းခဲ့သည်။ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာသွန်းခဲ့ပြီး ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့သည်။ ကျန်ဒေသများ၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

ဩဂုတ် ၂၆ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

မြစ်ကြီးနား	၂ ဒသမ ၂၈ လက်မ
ပြည်	၂ ဒသမ ၀၁ လက်မ
သထုံ	၁ ဒသမ ၃၀ လက်မ
မိုးကုတ်	၁ ဒသမ ၂၆ လက်မ
ရန်ကုန်(မြို့လယ်)	၁ ဒသမ ၁၀ လက်မ

ဩဂုတ်၂၇ရက်**(ယနေ့)**ပြည်နယ်နှင့်တိုင်းများ၏ မိုးလေဝသအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မိုးရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာနိုင်သည်။ ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဩဂုတ်၂၇ရက်**(ယနေ့)**နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း၆၀ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မုတ်သုံလေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဘောလုံးပြိုင်ပွဲ မြန်မာအသင်းအကြိုဗိုလ်လုပွဲတက်ရောက်

ရန်ကုန် ဩဂုတ် ၂၆

(၉)ကြိမ်မြောက် အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဖလား ဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များကို ယမန်နေ့ညပိုင်းကဆက်လက်ကျင်းပရာ မြန်မာအသင်းက အင်ဒိုနီးရှားလက်ရွေးစင် အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

အကြိုဗိုလ်လုပွဲ

အုပ်စုပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ အင်ဒိုနီးရှားလက်ရွေးစင်အသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင်၊ ခြောက်မှတ်ဖြင့်အုပ်စုပထမ၊ မြန်မာအသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ တစ်ဖက်အုပ်စုတွင် လစ်ဗျားအသင်းက အုပ်စုပထမ၊ အင်ဒိုနီးရှား လူငယ်လက်ရွေးစင်အသင်းက အုပ်စုဒုတိယတို့ရရှိကြသည်။

အကြိုဗိုလ်လုပွဲစဉ်များကို ဩဂုတ် ၂၇ရက်**(ယနေ့)**တွင် ဆက်လက်ကျင်းပမည် ဖြစ်ပြီး မြန်မာနှင့် လစ်ဗျား၊ အင်ဒိုနီးရှားလက်ရွေးစင်နှင့် အင်ဒိုနီးရှား လူငယ်လက်ရွေးစင် အသင်းတို့ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

27-8 (13).pmd 1 8/28/2008, 2:21 AM

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်ဦးဆောင်သောအဖွဲ့ ပင်လုံမြို့ စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ဩဂုတ် ၁၂ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့တာဝန်ခံဦးစီးအရာရှိ ဦးသောင်းထွန်းဇော်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးထွန်းမင်းသိန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း စက်ချုပ်နှင့် သိုးမွေးစက်ဆွဲသင်တန်းဖွင့် ဗန်းမော်ခရိုင်အတွင်းရှိ မြို့နယ်များမှ တက်ရောက်

ဗန်းမော် ဩဂုတ် ၂၆

ဗန်းမော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း၏အခြေခံ စက်ချုပ်သင်တန်းအမှတ်စဉ် (၁၂/၀၈)နှင့် သိုးမွေးစက်ဆွဲသင်တန်းအမှတ်စဉ်(၁၀/၀၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ရက် နံနက် ၉နာရီက အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်နှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သင်တန်းနည်းပြ ဆရာဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဒေါ်ခင်မျိုးအေးက သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။ အဆိုပါသင်တန်းသို့ ဗန်းမော်ခရိုင် အတွင်းရှိ မြို့နယ်များမှ သင်တန်းသူများတက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

၂၀၀၈ ဇူလိုင်၈ရက်က ကွယ်လွန်သွားသော ဦးကျင်မောင် အသက်(၈၃) နှစ်(ပြည်တွင်းအခွန်များဦးစီးဌာန)ကို ရည်စူး၍ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် ၂၇မအုပင်လမ်းစမ်းချောင်းမြို့နယ်ရန်ကုန်မြို့နေ ဇနီး ဒေါ်စန်းလွင်၊ သားဦးစန်းမောင်-ဒေါ်ခင်ထားနီ၊ မြေးမခိုင်ဖူးမောင်နှင့် ဝန်ထမ်းမိသားစုတို့က ငွေကျပ်သုံးသိန်းကို ဂေါပကအဖွဲ့ဝင် ဦးမြသိန်းထံပေးအပ်လှူဒါန်းစဉ်။ (ဂေါပကအဖွဲ့)

သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးနှင့် ဆေးလိပ်မသောက်ရေးနေ့ ဗန်းမောက်၌ကျင်းပ

ဗန်းမောက် ဩဂုတ် ၂၀

ကသာခရိုင် ဗန်းမောက်မြို့ ပညာရေးဌာနမှ ဦးစီးကျင်းပသည့် သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးနှင့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားကို ဇူလိုင် ၂၃ရက် နံနက်၉နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းအေးက သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာနှင့် ဆေးလိပ်သောက်သုံးခြင်းနှင့်ပတ်သက်၍ ဖြစ်ပွားတတ်သည့် ရောဂါများအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်နှင်းယဉ်က ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်း ပြောကြားကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော အာဇာနည်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်မင်းမင်းသန့် ကြီးကြပ်ရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင် ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

မော်လူးမြို့၌ အာစရိယပူဇော်ပွဲကျင်းပ

မော်လူး ဩဂုတ် ၂၁

၂၀၀၇-၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် ပစ္စည်းလှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင်၂၀ရက် မွန်းလွဲ ၁နာရီက စစ်ကိုင်းတိုင်း အင်းတော် မြို့နယ် မော်လူးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားအစီအစဉ်များကို ကျောင်းသား မောင်ထူးဝေထက်က ဖတ်ကြားတင်ပြရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းလှက တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသူ ကျောင်းသား ၁၂၀ကျော်တို့အား ယဉ်ကျေးလိမ္မာသြဝါဒစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းသူ ကျောင်းသားများက ဆရာ ဆရာမ များအား ရိုသေစွာကန်တော့ကြပြီး ကန်တော့ခံပစ္စည်းများ ပေးအပ် ကြောင်း သိရသည်။ (ပညာရေး)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးလုကာ မိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြို့သာယာလှပရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာအမှုဆောင်အရာရှိနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဒီမော့ဆို၌ စာကြည့်တိုက်ပညာသင်တန်းဆင်း

ဒီမော့ဆို ဩဂုတ် ၁၄

ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက် ပညာဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၀၈) ဆင်းပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဇူလိုင် ၂၅ရက် ညနေ ၃နာရီက မြို့နယ်ရုပ်မြင် သံကြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်ကို မြို့နယ်ရဲတပ်ဖွဲ့ရဲမှူးမြင့်ဝေက ပေးအပ်ပြီး သင်တန်းသားများကိုယ်စား ရွှေကိန္နရီစာကြည့်တိုက်မှူး ဦးငါးရယ် ကျော်လှက လက်ခံယူသည်။

လက်ခံ

ထို့နောက် ထူးချွန်သည့် သင်တန်း သားများကို မြို့နယ်ဥက္ကဋ္ဌက ဆုချီးမြှင့်ပြီး စာအုပ်နှင့် ငွေပဒေသာပင်များကို အလှူရှင် များကိုယ်စား ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဖဲဘူးလော်က ပေးအပ်ရာ မြို့နယ်ဦးစီးမှူး ဒေါ်မေရီယန်က လက်ခံကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

သရက်ချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလင်းသက်ထွန်းတို့ ဇူလိုင် ၁၈ရက်က ညောင်ဇင်-ကြာအင်း လမ်းပေါ်ရှိ ညောင်ဇင်ကျေးရွာ ရေပေးဝေရေး ရေကန်သို့သွားရောက်သည့် တံတား တည်ဆောက်မည့်နေရာကို ကွင်းဆင်းတိုင်းတာစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များခိုင်မာရှင်သန်ရေး ဆွေးနွေး စာအုပ်၊ စာစောင်များ ဇီးကုန်းမြို့၌ ပေးအပ်လှူဒါန်း

ဇီးကုန်း ဩဂုတ် ၁၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီ ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဌေးဝင်းနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များသည် ဇူလိုင် ၂၅ရက် နံနက် ၉နာရီက ဇီးကုန်းမြို့ ဘုရားကြီးကုန်းကျေးရွာအုပ်စု အေးငြိမ်းစံစာကြည့်တိုက်သို့ သွားရောက်၍ စာကြည့်တိုက်ကော်မတီဝင်များ၊ ကျေးရွာအင်န်ဂျီအိုအဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသား စာဖတ်ပရိသတ်များနှင့် တွေ့ဆုံ၍ စာကြည့်တိုက်ကို စစ်ဆေးသည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး ဆွေးနွေးဟောပြော၍ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဌေးဝင်းက အမျိုးသမီးရေးရာ အဖွဲ့၏ လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တို့မှ လှူဒါန်းသောစာအုပ်၊ စာစောင်များကို ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက လက်ခံ ယူသည်။(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ဆားလင်းကြီး၌ အိမ်တွင်းမှု သင်တန်းဆင်း

ဆားလင်းကြီး ဩဂုတ် ၁၈

မုံရွာခရိုင် ဆားလင်းကြီးမြို့အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှ အခြေခံ အိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၈)၊ အဆင့်မြင့် အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၄)နှင့် အိမ်တွင်းမှုလုပ်ငန်းကြိမ်/ဝါး သင်တန်း အမှတ်စဉ်(၄)သင်တန်းဆင်းပွဲ များကို ဩဂုတ် ၇ရက် နံနက် ၁၀နာရီက အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ဌေးဌေးဝင်းက ဆုရ သင်တန်းသူများကို ဆုများချီးမြှင့်သည်။

ထို့နောက်အိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးသန္တာခိုင်က သင်တန်းဆင်းအောင် လက်မှတ်များကို ပေးအပ်ကြောင်း သိရ သည်။ (မြို့နယ် ပြန်/ဆက်)

ရေစီးရေလာ ကောင်းမွန်ရေး လုပ်ငန်းဆောင်ရွက်

သထုံ ဩဂုတ် ၂၀

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဇူလိုင် ၂၅ရက်က သထုံမြို့မဈေးအနောက်ဘက်ရှိရေမြောင်း ရေစီးရေလာ ကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးမြင့်သိန်း၊ ဒုတိယဦးစီးမှူး(ဈေး)ဒေါ်ယုယုဇော်၊ ဈေးခေါင်း(၃)ဦးငွေအေးနှင့် ဈေးသာယာရေးကော်မတီအဖွဲ့တို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

စလင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ ရွှေဘုံသာ - ကြက်သကိုင် မင်းတဲ မြေသားလမ်း ပြီးစီး မှုကို ဇူလိုင်၂၃ ရက် က မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဌေးဝင်းကြည့်ရှု စစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေး အဖွဲ့တာဝန်ခံအင်ဂျင် နီယာ ဦးကျော်မင်း သန့်က ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သိရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် အမှတ်(၂၀၄) တိုက် ၇ သုမင်္ဂလာအိမ်ရာ-၂ သင်္ဃန်းကျွန်းမြို့နယ်နေ မိဘများအား အမှူးထား၍ ကိုသူရ-မဝင်းမင်း၊ သမီး မခိုင်ရွှေရည်ထက်၊ မဆုလဲ့ရည်ထက် မိသားစုက ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ရွှေထည်ပစ္စည်းများ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးတင်ဦး၊ အလှည့်ကျသဘာပတိ သီဟသုဓမ္မမဏိဇောတဓရ ဦးစိုးသိမ်းနှင့် ဦးစောကြိုင်တို့ လက်ခံယူစဉ်။ (ဂေါပကအဖွဲ့)

မိုးညှင်းမြို့နယ် စာပေနှင့်စာနယ်ဇင်း ပညာသင်စရိတ်ထောက်ပံ့

မိုးညှင်း ဩဂုတ် ၂၀

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၏ သားသမီးများအား တက္ကသိုလ်ဝင်တန်းပညာသင်စရိတ် ထောက်ပံ့ပွဲတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့က ဩဂုတ် ၉ရက် အထိ တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀စီဖြင့် တက္ကသိုလ်ဝင် ကျောင်းသား ကျောင်းသူများအတွက် စုစုပေါင်း ငွေကျပ် ၇၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။ (၀၀၂)

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဗိုလ်ချုပ်လမ်းဘေး၌ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းတူးဖော်ခြင်းကို ဩဂုတ် ၁၃ရက်က အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ချို့တဲ့ကျောင်းသားကျောင်းသူများအတွက် စာရေးကိရိယာ၊စာသင်ခုံနှင့်ပညာသင်စရိတ်ထောက်ပံ့

မူဆယ် ဩဂုတ် ၂၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်နှင့်မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူးကျင်းပသည့် ချို့တဲ့ကျောင်းသားကျောင်းသူများသို့ စာရေးကိရိယာ၊ စာသင်ခုံနှင့် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၃ရက် နံနက်၉နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ညွန့်ရီတို့က ဇုန်ရှစ် ဇုန်ရှိ ကျောင်းများအတွက် တန်ဖိုးအားဖြင့် ငွေကျပ် ၄၃ သိန်းရှိ စာရေးကိရိယာ၊ စာသင်ခုံများနှင့် ဆေးတက္ကသိုလ်တက်ရောက်နေသော ကျောင်းသားနှစ်ဦးနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက်ရောက်နေသော ကျောင်းသားနှစ်ဦးတို့အတွက် ငွေကျပ်ငါးသိန်းကို မြို့နယ်ပညာရေးမှူး ဒေါ်ဂျဲနက်နန်ပရီသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လွိုင်ကော်၌ အီးမေးလ်နှင့် အင်တာနက်သင်တန်းဖွင့်

လွိုင်ကော် ဩဂုတ် ၂၅

ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် e-mail &Internet သင်တန်းအမှတ်စဉ် (၂/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၁၂ရက် မွန်းတည့်၁၂နာရီက လွိုင်ကော်မြို့ ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်နွယ်နီဝင်း၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)မှ ကျောင်းအုပ်ကြီးနှင့် ဆရာမများ၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဖြန့်ဝေပေး

အခမ်းအနားတွင် ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နွယ်နီဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နွယ်နီဝင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က သင်တန်းသူများသို့ e-mail & Internet သင်ခန်းစာ ပို့ချချက်စာအုပ်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

မန္တလေး ဩဂုတ် ၂၁

မီးသတ်ဦးစီးဌာန အထက်မြန်မာပြည် ကွပ်ကဲရေးမှူး၏ ကြီးကြပ်မှုဖြင့် မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှ မန္တလေးမြို့ပေါ်ရှိ ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေး ဟောပြောခြင်း၊ သရုပ်ပြသခြင်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေ အနောက်ရပ်ကွက်ရှိ မန်းသီရိဈေး၌ ကျင်းပသည်။

ရှေးဦးစွာ ဈေးအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးဝင်းနိုင်က အမှာစကား ပြောကြားပြီး ဦးစီးအရာရှိ ဦးထွန်းထွန်းစိုးက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးသူဈေးသားများ ဆောင်ရွက်ထားရန်နှင့် ရှောင်ရှားရန်ကိစ္စရပ်များကို ဟောပြောသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအောင်သူနှင့် တပ်ဖွဲ့ဝင်များက ရိုးရိုးမီး၊ ဆီမီး၊ လျှပ်စစ်မီးနှင့် ဂက်စ်မီးလောင်ကျွမ်းပါက သက်ဆိုင်ရာမီးသတ်ဆေးဘူးများဖြင့် လက်ဦးမှုရရှိရေးအတွက် ငြိမ်းသတ်နည်းများ သရုပ်ပြပြီး တစ်ဦးချင်း လက်တွေ့စမ်းသပ် မီးငြိမ်းမှုများ ပြုလုပ်ကြသည်။ (၀၉၀)

ကြပ်မတ်ဆောင်ရွက်

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး)ဦးတင်မောင်လတ်နှင့် ဝန်ထမ်းများ၊ မြို့မဈေးအတွင်းအပြင် သန့်ရှင်းရေးနှင့် ဈေးအတွင်း ရေမြောင်းများ ဆယ်တင်ခြင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်နိုင် ကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အမရပူရ အမက(၇၂)ကျောင်းအတွက် မိဘမေတ္တာကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

အမရပူရ ဩဂုတ် ၂၃

မန္တလေးတိုင်း အမရပူရမြို့နယ် တောင်ကိုင်းကျေးရွာအုပ်စု မြအင်းကျေးရွာ အမှတ်(၇၂) အခြေခံပညာမူလတန်းကျောင်းအတွက် နှစ်ဖက်သော မိဘများနှင့် ဘကြီးတို့က နေပြည်တော် (ခြင်း)ဦးဘသိန်းကြီးနှင့် ဒေါ်သိန်းသိန်းတို့အား ရည်စူး၍ မန္တလေးမြို့ ၄၄လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြား ရွှေဘုန်းရှိန်ရပ်နေ ဦးမောင်မောင်ကျော်-ဒေါ်စမ်းစမ်းလွင် မိသားစုက စုစုပေါင်း ကုန်ကျငွေကျပ် ၇၅သိန်းတန် မိဘမေတ္တာကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီး၍ ပညာရေးဌာနသို့ လွှဲပြောင်းလှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ်၁၁ရက် နံနက်၉နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ရည်ရွယ်ချက်

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသန်းနှင့် မြို့နယ်ပညာရေးမှူး ဦးသန်းအောင်တို့က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းအတွက် ရရှိလာမည့်ပညာဒါန၊ ပညာကုသိုလ်များ၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး အလှူရှင် ဒေါ်စမ်းစမ်းလွင်က ကျောင်းဆောင်သစ် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ အလှူရှင် ဒေါ်စမ်းစမ်းလွင်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်၊ စာတမ်း အချက်အလက်များကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးသန်းအောင်က လက်ခံယူသည်။ (၀၈၀)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မကွေးမြို့ နတ်မောက်လမ်းနှင့် မြို့ပတ်လမ်းဆုံနေရာတွင် လမ်းဘေးဝဲယာ လမ်းချဲ့ဆောင်ရွက်နေမှုကို မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူးဦးဝင်းမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပဲခူး-စစ်တောင်း တူးမြောင်းအတွင်း ဝေါမြို့၌ ငါးမျိုးစိုက်ထည့်

ဝေါ ဩဂုတ် ၂၃

ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ရက် နံနက် ၈ နာရီခွဲက ဝေါမြို့ ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း ကျင်းပသည်။

စုပေါင်းငါးလွှတ်

အခမ်းအနားသို့ ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်မြင့်သိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နုနှင့် အဖွဲ့ဝင်များ၊ ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသက်အေးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီး ရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့ပေါ် ခြောက်ရပ်ကွက်မှ ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ မြို့နယ်အတွင်း အင်းလုပ်ငန်း လုပ်ကိုင်သူများက စုပေါင်း ငါးလွှတ်ကြသည်။ (ဝဲပုံ)

ငါးမျိုးစိုက်

အဆိုပါ ငါးလွှတ်ပွဲတွင် ငါးခုံးမနှင့် ငါးမြစ်ချင်း ငါးသားပေါက် (ငါးသန်) ကောင်ရေ ငါးသိန်းငါးသောင်းကို ငါးမျိုးစိုက်ထည့် လွှတ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း လှိုင်လင်၌ဖွင့် ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေးလုပ်ငန်းများ ရှင်းလင်း

လှိုင်လင် ဩဂုတ် ၂၄

လှိုင်လင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် လှိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်၍ အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၈)ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

ရှေးဦးစွာ လှိုင်လင်ခရိုင် ဥက္ကဋ္ဌ ဦးအောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** မြို့နယ်ဥက္ကဋ္ဌ ဦးသက်နိုင်ဦးက ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စာရေးများကိုယ်စား လှိုင်လင် အရှေ့ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးပညာဆန်းအား စာကြည့်တိုက်မှူးတာဝန် ပေးအပ်ခြင်းကိုလည်းကောင်း၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဆိုင်ရာ အချက်အလက်စာရင်းဇယားများကိုလှိုင်လင်မြို့နယ်ရှိ ကျေးရွာအုပ်စု ၁၁အုပ်စုအတွက် ခရိုင်ဦးစီးအရာရှိဒေါ်ဝင်းဝင်းမော်နှင့် ပင်လုံမြို့ရှိ ကျေးရွာအုပ်စု(၈) အုပ်စုအတွက် ဦးစီးမှူးဒေါ်နန်းမြင့်မြင့်ဆွေတို့က ကျေးရွာအုပ်စုဥက္ကဋ္ဌ နှစ်ဦးအားလည်းကောင်း လွှဲပြောင်းပေးအပ်ကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်လုပ်ငန်းနှင့်ပတ်သက်၍ စာတွေ့၊ လက်တွေ့ ပို့ချကြသည်။

တက်ရောက်

အဆိုပါ အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၈)ဖွင့်ပွဲသို့ လှိုင်လင်မြို့နယ်နှင့် ပင်လုံမြို့တို့မှ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အဖွဲ့ဝင်နှင့် စာရေး ၄၆ ဦး အပါအဝင် စုစုပေါင်း ၈၀ တက်ရောက်ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်စက်ယန္တရားများ ကြံ့ခိုင်မှုအခြေအနေကို ဇူလိုင် ၇ ရက်က ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သာယာဝတီခရိုင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်

သာယာဝတီ ဩဂုတ် ၂၄

၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် သာယာဝတီခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဩဂုတ် ၂၀ရက်နှင့်၂၁ ရက်တို့က သာယာဝတီမြို့ ဆရာစံခန်းမ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် ဗဟိုအဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဝါသနာရှင်(ဒုတိယတန်း)အမျိုးသားစောင်းပြိုင်ပွဲ ပထမဆုနှင့် အမျိုးသား ဆိုင်းဝိုင်းကြီး အဖွဲ့လိုက် ပထမဆုရ အဖွဲ့အား ခရိုင်ဥက္ကဋ္ဌ ဦးကျော်ခိုင်စိုးက ဆုချီးမြှင့်ပြီးနောက် ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ဆုများချီးမြှင့်

ထို့နောက် အခြေခံပညာအဆင့်၊ ဝါသနာရှင်အဆင့် ပြိုင်ပွဲဝင် ၁၀၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ဩဂုတ် ၂၁ ရက်က ဆုပေးပွဲနှင့် ပိတ်ပွဲ၌ ပြိုင်ပွဲဝင်များ၊ ဒိုင်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ စုစုပေါင်း ၂၅၅ ဦး တက်ရောက်၍ ဆုရသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

ကျောက်မဲ အမက(၄)မူလွန်၌ ကျောင်းဆောင်သစ်ဖွင့်

ကျောက်မဲ ဩဂုတ် ၂၃

ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက် အမှတ်(၄)အခြေခံပညာ မူလတန်း(မူလွန်) ကျောင်းဝင်းအတွင်းရှိ အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပသည်။

ဖွင့်လှစ်

ယင်းကျောင်းဆောင်သစ်ကို အလှူရှင် ရွှေရတနာကုန်သည် ဦးတင်မြင့်နှင့် ကျောင်းအုပ်ဆရာကြီး ဦးစိုင်းကျော်လှိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်လက်ထောက်ပညာရေးမှူးဦးစန်းဝင်းက အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်နှင့်ပတ်သက်၍ ကျောင်းအုပ်ဆရာကြီး ဦးစိုင်းကျော်လှိုင်က ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် ကျောင်းဆောင်သစ် အလှူရှင် ရွှေရတနာကုန်သည် ဦးတင်မြင့်-(ဒေါ်သိန်းငွေ)မိသားစုက မူကြိုကျောင်းသား ကျောင်းသူလေးများကို အာဟာရ ကျွေးမွေးပြီး စာအုပ်နှင့်ခဲတံများလက်ဆောင် ပေးအပ်ကြသည်။

(ပညာရေး)

ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များပူးပေါင်း၍ ဇူလိုင် ၂၆ ရက်က ပေါက်တောမြို့ အထက်တန်းကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် ပိုးလောက်လမ်းနှိမ်နင်းရေး လုပ်ငန်းနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းတို့ ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

တီးတိန်မြို့နယ် ပြန်/ဆက်ဦးစီးဌာန လိုင်တွီးစာကြည့်တိုက် တည်တံ့ရေးဆွေးနွေး

တီးတိန် ဩဂုတ် ၂၅

ချင်းပြည်နယ် တီးတိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ဒိုင်းခန့်ဒိမ့်သည် ဩဂုတ် ၂၃ရက်က လိုင်တီးကျေးရွာ စာကြည့်တိုက်ကော်မတီများ၊ စာဖတ်ပရိသတ်များနှင့် တွေ့ဆုံ၍ စာကြည့်တိုက် ရေရှည်တည်တံ့ရေး၊ စာအုပ်များစနစ်တကျထိန်းသိမ်းထားရှိရေးများ ဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဒိုင်းခန့်ဒိမ့်က ဒေသခံပြည်သူများနှင့် ဆရာကြီး ဦးကောင်းသန့် လှူဒါန်းသော စာအုပ်များနှင့် လှူဒါန်းရရှိသော စာအုပ်ဗီရိုများ၊ ပရိဘောဂများဖြင့် ပြည့်စုံသော စာကြည့်တိုက်အတွက် ဝမ်းသာဂုဏ်ယူကြောင်းနှင့် စာကြည့်တိုက်ကော်မတီများအား စာကြည့်တိုက်ရေရှည်တည်တံ့ရေးဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြေယာရှင်း

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးခင်မောင်ဆွေ ဦးဆောင်သောအဖွဲ့ ရေးမြို့ မြို့ဝင်ဆိုင်းဘုတ် မြေယာရှင်းလုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း ရွှေဘို၌ဖွင့်

ရွှေဘို ဩဂုတ် ၁၈

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းကို ဇူလိုင် ၂၉ရက် နံနက် ၁၀နာရီက ရွှေဘိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပို့ချ

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းထွန်းက အမှာစကား ပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်နန္ဒဝင်းက စာကြည့်တိုက် စီမံခန့်ခွဲရေးလုပ်ငန်းများ ရှင်းလင်းပို့ချသည်။

အမှုပေးဝေ

အဆိုပါ သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုမှ စာရေးဝန်ထမ်း၇၂ဦး တက်ရောက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အင်္ဂပူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ထူးကြီးမြို့ဝင် ဆိုင်းဘုတ် ဆောင်ရွက်နေမှုကို ဇူလိုင် ၁၆ ရက်က အမှုဆောင်အရာရှိ ဦးတင်ကိုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရေစီးရေလာကောင်းမွန်ရေး ဖားကန့်၌ဆောင်ရွက်

ဖားကန့် ဩဂုတ် ၂၂

ဖားကန့်မြို့နေ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်လွင်ထွန်းနှင့်အဖွဲ့ဝန်ထမ်းများ အမှတ်(၄) လမ်းမကြီးဘေးတစ်လျှောက်ရှိ ရေမြောင်းများအတွင်းမှ နုန်းနှင့်အမှိုက်များ ဆယ်ယူခြင်းလုပ်ငန်းဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ကုန်းမြင့်သာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ မရမ်းကုန်းမြို့နယ် စွယ်တော်ပတ်လမ်းရှိ နဝဒေးကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရန်ကင်းမြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ တာမွေမြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ဒဂုံမြို့နယ်ရှိ ပန်းတျာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊

စာမျက်နှာ ၆ ကော်လံ ၅ ✻

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ဒဂုံမြို့နယ်ရှိ ပန်းတျာကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ် ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်မြောက်ပိုင်းနှင့် တမူးမြို့သို့ အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်မည့် ကလေး-ဂန့်ဂေါလမ်းရှိ မြောင်းချောင်းတံတားဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁၅)က တာဝန်ယူ တည်ဆောက်ပြီးစီးသွားသည့် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းအတွင်းရှိ ကလေး-ဂန့်ဂေါလမ်း မိုင်တိုင်အမှတ် (၅၂/၆)နှင့် (၅၂/၇)ကြားရှိ မြောင်းချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ကလေးတပ်နယ်မှ ဗိုလ်မှူးကြီးအောင်ဆန်းချစ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊

စာမျက်နှာ ၉ ကော်လံ ၁ ●

ပီသကာလက်ရာမြောက်စွာ မိုးမျှော်တိုက်တာ အဆောက်အအုံများ နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားများဖြင့် စည်ကားလျက်ရှိသော

တရုတ်နိုင်ငံ တီယန်ကျင်းမြို့သို့ လေ့လာရေးတစ်ခေါက်

ရန်ကုန် ဩဂုတ် ၂၆

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ဩဂုတ် ၈ ရက်မှ ၂၄ ရက်အထိ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီ ဖြစ်သည်။

တီယန်ကျင်း

အိုလံပစ်အားကစားပွဲတော်ရက်အတွင်း မိမိတို့မြန်မာသတင်းပြန်ကြားရေးကိုယ်စားလှယ်များနှင့် အာဆီယံနိုင်ငံများမှ သတင်းကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့ပတ်ဝန်းကျင်နှင့် တီယန်ကျင်းမြို့သို့ သွားရောက်လေ့လာခွင့် ရခဲ့ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

ပေကျင်းအိုလံပစ်သတင်းဆည့်သည်နှင့်
ဓာတ်ပုံမှတ်တမ်းတင်- သတင်းထောက်တင်စိုး (မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

တီယန်ကျင်းမြို့ အပြည်ပြည်ဆိုင်ရာ ပြည်ပကုန်တင်ကုန်ချ ဆိပ်ကမ်းကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)